# မာတိကာ


၁။ ယူနီယံဥက္ကဋ္ဌအမှာစကား--------------------------------------------၂-၃

၂။ နေ့စဉ်အချိန်ဇယား----------------------------------------------၄-၁၄

၃။ လုပ်ငန်းဆောင်ရွက်တာဝန်ခံများ--------------------------------၁၅-၁၆

၄။ သိမှတ်ဖွယ်ရာအသင်းတော်၏အခြေပြဇယား----------------------၁၇

၅။ မြန်မာပြည်သတ္တမနေ့အသင်းတော်သမိုင်း---------------------၁၈-၂၁

၆။ ၂၀၁၅ခုနှစ်ကမ္ဘာ့အသင်းတော်စာရင်းဇယား-------------------၂၂-၂၃

၇။ မြန်မာယူနီယံကိုခေါင်းဆောင်ခဲ့သူများ--------------English Pg. 44-46

၈။ မြန်မာနိုင်ငံသတ္တမအသင်းတော်၏ပြည်လုံးကျွတ် အစည်းအဝေးကျင်းပ

ခဲ့သောအကြိမ်ပေါင်း-----------------------------------------------၂၄

၉။ လက်ရှိသတ္တမနေ့အသင်းတော်ခေါင်းဆောင်ကြီးများ-----------၂၄-၂၇

၁၀။ ဓမ္မသီချင်း------------------------------------------------၂၈-၄၀



## ချစ်ခင်လေးစားရပါသော ယုံကြည်သူများခင်ဗျာ။

ဘုရားသခင်၏ ကျေးဇူးတော်သည်ကျွန်ုပ်တို့အပေါ်၌ ကြီးမြတ်လှပါသည်။ ထာဝရဧဝံဂေလိသတင်းစကားဖြစ်သောကောင်းကင်တမန်(၃)ပါး၏သတင်းစကားနှင့်စစ်မှန်သောဥပုသ်နေ့သည် ကျွန်ုပ်တို့၏မြန်မာပြည်သို့ရောက်ရှိသောအချိန်မှစ၍ ယခုအချိန်ထိ အနှစ်(၁၁၅) နှစ်ရှိပြီးဖြစ်ပါသည်။ ဤကယ်တင်ခြင်းသတင်းစကားကြောင့်လည်း ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ကယ်တင်ခြင်းနှင့်ငြိမ်သက်ခြင်းကိုရရှိခဲ့ကြပါသည်။ ကျေးဇူးတော်သည် ကြီးမြတ်လှပါသည်။ ဤကယ်တင်ခြင်းသတင်းစကားကို ကျွန်ုပ်တို့ယုံ ကြည်သူများသည် ပြန်လည်၍ဝေငှခြင်းကြောင့် ယခုအချိန်တွင် စစ်မှန်သောဥပုသ်နေ့ကိုစောင့်၍ ကောင်းကင်တမန်(၃)ပါးသတင်းစကားတည်းဟူသော ထာဝရဧဝံဂေလိသတင်းစကား ကို ယုံကြည်လက်ခံသူပေါင်း (၁၁၅)နှစ်အတွင်း (၃၁၅၇၀) ယောက်ရှိလာပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအချိန်တွင် အသင်းတော်ပေါင်း (၂၃၃)ပါးနှင့် အဖွဲ့ငယ် (Companies) ပေါင်း (၁၀၆) ဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဤမြန်မာပြည်တွင် အလင်းမီးအိမ်အဖြစ် ရွေးချယ်ထားပါသည်။ ဘုရားသခင်အားကျေးဇူးတင်လှပါသည်။

ထို့အပြင် ကျွန်ုပ်တို့သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်၌ စစ်မှန်သောခရစ်ယာန်ပညာရေးကို အနာဂါတ်လူငယ်များအား ကမ်းလှမ်းနိုင်ဘို့ရန် အခြေခံမူလတန်းကျောင်း (၈၄) ကျောင်း၊ အခြေခံဓမ္မအထက်တန်းကျောင်း (၉)ကျောင်းနှင့် ဓမ္မကျမ်းစာကျောင်း(၁) ကျောင်းတည်ထောင်နိုင်သည့်ပြင် အကူသူနာပြုကျောင်းတစ်ကျောင်းကိုလည်း နှစ်စဉ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့ပြင် တရားဟောဆရာ မရောက်ရှိနိုင်သောနေရာတွင် စာပေဖြန့်ချိရန်အတွက် စာပုံနှိပ်တိုက်တစ်လုံးကိုလည်း တည်ဆောက်နိုင်ခဲ့ပါသည်။ ထို့ပြင်မက ဧဝံဂေလိသတင်းစကားပို၍ ကျယ်ပြန့်စွာ ဖြန့်ချိနိုင်ဘို့ရန် (AWR) အသံလွှင့်ဌာနအားဖြင့် မြန်မာ၊ ကရင်၊ချင်း၊ ကချင်၊ ရှမ်းနှင့်မွန်ဘာသာအားဖြင့်လည်း ဧဝံဂေလိသတင်းစကားကို လေလှိုင်းအားဖြင့် ဖြန့်ချိရာတွင်လည်း အလွန်မှပင် ထိရောက်လျက်ရှိနေပါသည်။ ယခုအချိန်တွင် သာသနာပြုများမရောက်နိုင်သောအရပ်၌ သတင်းစကားရောက်ရှိနိုင်ပြီး၊ လွန်ခဲ့သောအချိန်၌ ကျွန်ုပ်တို့၏နိုင်ငံရေးအခြေအနေကြောင့် ကျောင်းများနှင့် ဆေးရုံများရပ်ဆိုင်းသော်လည်း ယခုအချိန်မှာကျောင်းများစွာကို ပြန်၍ဖွင့်လှစ်သင်ကြားနိုင်ပြီဖြစ်သည့်အတွက် ဘုရားဂုဏ်တော်ကို ချီးမွမ်းမိပါသည်။ မကြာမီသောအချိန်မှာလည်း ကြီးမားသောဆေးရုံကြီးတစ်ဆောင်ကို ပြန်လည်တည်ထောင်နိုင်လိမ့်မည်ဟုလည်း ကျေးဇူးတော်ကိုရေတွက်၍ ယုံကြည်မြော်လင့်မိပါသည်။ ယခုအ

ချိန်တွင် အမှုတော်တွင် အမြဲအမှုတော်ဆောင် (၃၂၁)ယောက်သည် အမှုတော်ကိုလုပ်ဆောင်လျက် သာသနာလုပ်ငန်းကို ဦးဆောင်လျက်ရှိနေကြပါသည်။ ထို့ပြင် ဌာနပေါင်းစုံအားဖြင့်လည်း အသင်းသားများနှင့် အတူတကွ အမှုတော်ဆောင်လျက်ရှိကြပါသည်။

လွန်ခဲ့သောအချိန်၌ ဘုရားရှင်၏စောင်မခြင်းကောင်းကြီးပေးခြင်းများကြောင့် ကျွန်ုပ်တို့သည် ကောင်းကြီးမင်္ဂလာအပေါင်းနှင့် ပြည့်ဝခဲ့ကြပါသည်။ ထို့ကြောင့် ယခုအချိန်တွင်လွန်ခဲ့သော ကောင်းကြီးမင်္ဂလာများကို ပြန်လည်ရည်တွက်လျက် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြပါစို့။ ဘုရားသခင်၏ဝိညာဉ်တော်ကိုတောင်းခံရင်း ဝတ်ပြုကိုးကွယ်ကြပါစို့။ ကျွန်ုပ်တို့နှင့်အတူရှိရန် တောင်းခံ၍ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို စောင့်မျှော်ရင်း အမှုတော်မြတ်အတွက် ဝိညာဉ်တော်ကိုတောင်းခံရင်း အတူတကွ စုရုံးဝတ်ပြုကိုးကွယ်ပါစို့။



စောထီးမသေ

ဥက္ကဋ္ဌ

ခရစ်တော်ကြွလာခြင်းကို မျှော်လင့်သော သတ္တမနေ့ဥပုသ်အသင်းတော်

# နိုဝင်ဘာလ (၈)ရက်၊ ၂၀၁၇ခုနှစ်၊ ဗုဒ္ဓဟူးနေ့ညနေ ၆း၃၀-၈း၃၀
# ဖွင့်ပွဲနှင့် ညနေဝတ်ပြုကိုးကွယ်ခြင်း

ပဏာမတီးလုံး

| | |
|---|---|
| ခန်းမဆောင်အတွင်းဝင်ရောက်ခြင်း | ကိုယ်စားလှယ်များအားလုံး |
| နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းဆိုခြင်း | ဆရာဦးတင်လေး |
| အ၄မအကြိမ်မြောက်မြန်မာပြည်လုံးဆိုင်ရာဓမ္မညီလာခံကြီးဖွင့်လှစ်ကြောင်းကြေညာခြင်း | ဆရာဦးအေဝမ်းသိန်း |
| ကြိုဆိုနှုတ်ခွန်းဆက်စကား | ဆရာဦးရှိုင်းသာ |
| အဖွင့်သီချင်း | ဆောင်ပုဒ်သီချင်း |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာဦးကောနေလိလှ |
| အထူးသီချင်း | Hossana Ladies |
| အထူးသီချင်း | MUAS Choir |
| ဧရာဝတီတိုင်းဒေသကြီး ၊ ဝန်ကြီးချုပ်ကိုမိတ်ဆက်ခြင်း | ဆရာဦးတင်လေး |
| အမှာစကား | ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် |
| အထူးသီချင်း | UMAS CHOIR |
| ဒေသနာရှင်ကိုမိတ်ဆက်ပေးခြင်း | ဆရာဦးထန်လန်းမွှန် |
| ဒေသနာတော် | ဆရာဦးကောနေလိလှ |
| အစည်းအဝေးပိတ်သီချင်း | နံပါတ် ၂, SDAH 214 |
| အစည်းအဝေးပိတ်ဆုတောင်း | ဆရာဦးပေါလ်တန်ဘောက်နော် |
| အထူးသီချင်း | AYAS Choir |
| ဒေသနာတော် | ဆရာဦးထန်ကန်းလို |
| အထူးသီချင်း | Three Angels Vocal Band |
| အစည်းအဝေးပိတ်သီချင်း | နံပါတ် ၂၁,SDAH 286,M 83 |
| အစည်းအဝေးပိတ်ဆုတောင်း | ဆရာဦးချာချီသောင်း |

ကြေညာချက် - ဆရာဦးခလောဒီးယပ်(စ်)ဘရောင်း

စန္ဒယားတီးသူ - မွန်တောင် ၊ အက်စတာဖိုး

## နိုဝင်ဘာလ(၉)ရက်၊ ၂၀၁၇ခုနှစ်၊ ကြာသာပတေးနေ့၊ ၇း၃၀–၈း၃၀
## နံနက်ယံဝတ်

| | |
|---|---|
| နေရာယူခြင်း | အစီအစဉ်ဦးဆောင်သူများ |
| အစည်းဝေးဖွင့်သီချင်း | နံပါတ် ၃,M140,SDAH 358 |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာဦးလှကွန်း |
| အထူးသီချင်း | CMAS Choir |
| ဒေသနာရှင်ကိုမိတ်ဆက်ခြင်း | ဆရာဦးရွှေသက်ဦး |
| အထူးသီချင်း | MUAS-Mizo Seminar |
| ဒေသနာတော် | ဆရာဦးခင်မောင်လတ် |
| အစည်းဝေးပိတ်သီချင်း | နံပါတ် ၄, M 141,SDAH 359 |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာဦးစောကဲ |

ကြေညာချက် - ဆရာဦးကိုင်ခန့်ခွါလ်

စန္ဒယားတီးသူ - ဇော်လင်းဦး ၊ ရှရွှန်သိန်း

## နိုဝင်ဘာလ (၉)ရက်၊ ၂၀၁၇ခုနှစ်၊ ကြာသာပတေးနေ့ ၊ ၁၀း၁၅–၁၂း၃၀
## မြန်မာယူနီယံဒါရိုက်တာများမှသတင်းစကား

| | |
|---|---|
| ကြိုဆိုနှုတ်ခွန်းဆက်စကား | ဆရာဦးစိန်ထွန်း |
| အထူးသီချင်း | Three Angels Vocal Band |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာဦးစိန်ထွန်း |
| ဒေသနာတော် | ဆရာဦးအေးဝမ်းသိန်း |
| အထူးသီချင်း | AYAS Choir |
| ဒေသနာတော် | ဆရာဆားနေညွှန့် |
| အထူသီချင်း | UMAS Choir |
| ဒေသနာတော် | ဆရာကိုင်ခန့်ခွါ(လ်) |
| အစည်းဝေးပိတ်သီချင်း | နံပါတ် ၅,M 55, SDAH 202 |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာဦးရိုဇားမာ |

ကြေညာချက် - ဆရာဦးအဲ (လ်)ဗင်ဖိုးဖိုးလှ

စန္ဒယားတီးသူ - ဂယ်ရီဂျိမ်း(စ်) ၊ မိုးစန္ဒာ

## နိုဝင်ဘာလ (၉)ရက်၊ ကြာသာပတေးနေ့၊ ၂၀၁၇ခုနှစ်၊ ၁း၃၀–၄း၃၀
## မြန်မာယူနီယံဒါရိုက်တာများမှသတင်းစကား

| | |
|---|---|
| ကြိုဆိုနှုတ်ခွန်းဆက်စကား | ဆရာဦးအဲ(လ်)ဗင်ဖိုးဖိုးလှ |
| အစည်းဝေးဖွင့်သီချင်း | နံပါတ် ၁၇ ,M 16, SDAH 86 |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာဦးအဲ(လ်)ဗင်ဖိုးဖိုးလှ |
| အထူးသီချင်း | SEAS Choir |
| ဒေသနာတော် | ဆရာဦးခလောဒီးယပ်စ် |
| အထူးသီချင်း | CMAS Choir |
| ဒေသနာတော် | ဆရာဦးလားရွှန်ဘောလာ |
| အထူးသီချင်း | MUAS Karen Seminar Choir |
| ဒေသနာတော် | Surachet Insom (Director, AWR ASIA Pacific Region) |
| အစည်းဝေးပိတ်သီချင်း | နံပါတ် ၆,M 251,SDAH 625 |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာဦးအင်ဒရူးတင် |

ကြေညာချက် - ဆရာဦးစောကဲ

စန္ဒယားတီးသူ - ဝေ(လ်)ဆင်ဖိုး ၊ ဂျူးလီးယက်ငြိမ်း

## နိုဝင်ဘာလ (၉)ရက်၊ ၂၀၁၇ခုနှစ်၊ ကြာသာပတေးနေ့ ၊ ၆း၃၀–၈း၃၀
## ညနေယံဝတ် ၊ ASI လုပ်ငန်းစဉ်ကိုတင်ပြခြင်း

| | |
|---|---|
| ကြိုဆိုနှုတ်ဆက်ခြင်းနှင့် နှုတ်ကပါတ်တော်ဖတ်ခြင်း | ဆရာမဒေါ်ဂျွန်နော |
| အစည်းဝေးဖွင့်သီချင်း | နံပါတ် ၇, M 142, SDAH 361 |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာမဆိုဟီးလာရှိုင်း |
| အထူးသီချင်း | AYAS Choir |
| ဒေသနာတော် | Kent Sharpe |
| အစည်းဝေးပိတ်သီချင်း | နံပါတ် ၈, M 152, AY 11 |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာမဒေါ်ဥမ္မာစံ |
| အထူးသီချင်း | CMAS Choir |
| ဒေသနာတော် | ဦးဇော်ဒန် (ASI) |
| အထူးသီချင်း | SEAS Choir |
| အစည်းဝေးပိတ်သီချင်း | နံပါတ် ၉, M 59, SDAH 213 |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာဦးဟောက်ဂိုးထန် |

ကြေညာချက် - ဆရာဦးစက်စံရွှေ

စန္ဒယားတီးသူ - မွန်တောင် ၊ အက်စတာဖိုး

ဘာသာပြန်သူ - ဆရာဦးဂေဗင်ဂျွန်းစ်

## နို၀င်ဘာလ (၁၀)ရက်၊ ၂၀၁၇ခုနှစ်၊ သောကြာနေ့ ၊ ၇း၃၀–၈း၃၀
## နံနက်ယံ၀တ်ပြုခြင်း

| | |
|---|---|
| နေရာယူခြင်း | အစီအစဉ်ဦးဆောင်သူများ |
| အစည်းဝေးဖွင့်သီချင်း | နံပါတ် ၉ , M 59, SDAH 213 |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာဦးရော(လ်)ဆင်ဂျော်နီ |
| အထူးသီချင်း | အငြိမ်းစားအဖွဲ့သံစုံသီချင်း |
| ဒေသနာရှင်ကိုမိတ်ဆက်ခြင်း | ဆရာဦးကက်နက်ထန်ဆွန်ဇာနန် |
| ဒေသနာတော် | ဆရာဦးမူးလာကျော် |
| အထူးသီချင်း | Three Angels Vocal Band |
| အစည်းဝေးပိတ်သီချင်း | နံပါတ် ၁၁, M 177 |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာဦးဒိုဟင်ပေါင် |

ကြေညာချက် - ဆရာဦးကက်လျှန်းထန်

စန္ဒယားတီးသူ - ဇော်လင်းဦး ၊ ရှရွှန်သိန်း

## နို၀င်ဘာလ(၁၀)ရက် ၊ ၂၀၁၇ခုနှစ်၊ သောကြာနေ့ ၊ ၁၀း၁၅–၁၁း၃၀
## မြန်မာယူနီယံဒါရိုက်တာများ၏သတင်းစကား

| | |
|---|---|
| ကြိုဆိုနှုတ်ဆက်ခြင်းနှင့်နှုတ်ကပါတ်တော်ဖတ်ကြားခြင်း | ဆရာမဆောင်းဝေဝေ |
| အစည်းဝေးဖွင့်သီချင်း | နံပါတ် ၁၂, M 62, SDAH 218 |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာမယဉ်ယဉ်ဒေးဗစ် |
| အထူးသီချင်း | AYAS Choir |
| ဒေသနာရှင်ကိုမိတ်ဆက်ခြင်း | ဆရာမဒေါ်ချိုချိုပေါ(လ်) |
| ဒေသနာတော် | ဆရာမဒေါ် Orathai Chureson |
| အစည်းဝေးပိတ်သီချင်း | CMAS Choir |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာမချိုချိုပေါ(လ်) |

ကြေငြာချက် - ဆရာဦးကိုင်ခန့်ခွါ(လ်)

စန္ဒယားတီးသူ - ဂယ်ရီဂျိမ်း(စ်) ၊ မိုးစန္ဒာ

ဘာသာပြန်သူ - ဆရာဦးဂေဗင်ဂျွန်းစ်

# နိုဝင်ဘာလ (၁၀)ရက် ၊ ၂၀၁၇ခုနှစ်၊ သောကြာနေ့
# မြန်မာယူနီယံ၏
# ၁၁၅နှစ်မြောက်သာသနာခရီးစဉ်အခမ်းအနားကျင်းပခြင်း
# ကြိုဆိုရေးအစီအစဉ် – ညနေ ၂း၀၀ – ၅း၀၀

| | |
|---|---|
| ရန်ကုန်တိုင်း | ပထမစုရပ် |
| အလယ်ပိုင်းတိုင်း | ဒုတိယစုရပ် |
| ဧရာဝတီတိုင်း | တတိယစုရပ် |
| အရှေ့တောင်တိုင်း | စတုတ္ထစုရပ် |
| အထက်ပိုင်းတိုင်း | ပဥ္စမစုရပ် |

## ဆောက်လုပ်ဆဲအဆောက်အဦးစီမံကိန်းများသို့ လှည့်လည်ကြည့်ရှုခြင်း

-အမျိုးသားဘော်ဒါ၊ အပြည်ပြည်ဆိုင်ရာမိဘမဲ့ဂေဟာသို့လည်ပတ်ခြင်း
-ဆောက်လုပ်ဆဲအမျိုးသမီးဘော်ဒါဆောင်ကိုကြည့်ရှုခြင်း
-ဆောက်လုပ်ဆဲဘာသာရေးဌါနအဆောင်ကိုလည်ပတ်ခြင်း

## မြန်မာယူနီယံ၏ ၁၁၅နှစ်မြောက်သာသနာခရီးစဉ်ဖွင့်လှစ်ခြင်းအခမ်းအနား

| | |
|---|---|
| အစည်းအဝေးခန်းမဆောင်ထဲသို့ဝင်ခြင်း | ခေါင်းဆောင်များ ၊ ပရိသတ်အားလုံး |
| အထူးကြိုဆိုရေးအဖွဲ့ | Master Guide |
| အထူးကြိုဆိုနှုတ်ခွန်းဆက်ခြင်း | ဆရာဦးမူနားပေါ(လ်)၊ မြန်မာယူနီယံဥက္ကဌ |
| အထူးဧည့်သည်တော်များကိုမိတ်ဆက်ခြင်း | ဆရာဦးကယ်လီပီလျှန်း၊မြန်မာယူနီယံအတွင်းရေးမှူးချုပ် |
| အစည်းဝေးဖွင့်ဆုတောင်းခြင်း | ဆရာဦးကပ်လျှန်းထန်၊ အထက်ပိုင်းတိုင်းဥက္ကဌ |
| ဒေသနာရှင်အားမိတ်ဆက်ခြင်း | ဆရာဦးမူနားပေါ(လ်)၊မြန်မာယူနီယံဥက္ကဌ |
| အထူးဓမ္မတေးသံစုံ | MUASဓမ္မတေးသံစုံအဖွဲ့ |
| အထူးဒေသနာတော်တင်ဆက်ခြင်း | Ted Wilson, GC President |
| အစည်းဝေးပိတ်ဓမ္မသီချင်း | နံပါတ် ၁, M 21, SDAH 100 |
| အစည်းဝေးပိတ်ကောင်းချီးတောင်းခံခြင်း | ဆရာဦးအဲဗင်ဖိုးဖိုးလှ၊ အလယ်ပိုင်းတိုင်းဥက္ကဌ |

ကြေညာချက် - ဆရာဦးကိုင်ခန့်ခွါလ်
စန္ဒယားတီးသူ - ဝေလဆင်ဖိုး၊ ဂျူးလီးယက်ငြိမ်း
ဘာသာပြန်သူ - ဆရာဦးကောနေလိလှ၊ ဓမ္မတက္ကသိုလ်ကျောင်းအုပ်ကြီး

## နိုဝင်ဘာလ(၁၀)ရက်၊ ၂၀၁၇ခုနှစ်၊ သောကြာနေ့ ၇း၀၀–၈း၃၀

## ညနေယံ၀တ်ပြုကိုးကွယ်ခြင်း

| | |
|---|---|
| ကြိုဆိုနှုတ်ဆက်ခြင်း | ဆရာဦးဆွခေါ်ငင့်၊ MUAS အသင်းအုပ်ဆရာ |
| အစည်းဝေးဖွင့်သီချင်း | နံပါတ် ၁, M 21, SDAH 100 |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာဦးကျော်မြင့်နိုင်၊အရှေ့တောင်တိုင်းဓမ္မကျမ်းစာကျောင်းအုပ် |
| ဒေသနာရှင်ကိုမိတ်ဆက်ခြင်း | ဆရာဦးအေ၀မ်းသိန်း၊ မြန်မာယူနီယံလူငယ်ဒါရိုက်တာ |
| အထူးသီချင်း | UMAS Choir |
| ကျမ်းစာတော်မြတ်ဖတ်ကြားခြင်း | ဆရာဦးဟောက်ဂိုးထန်၊အထက်ပိုင်းတိုင်းဓမ္မကျမ်းစာကျောင်းအုပ် |
| ဒေသနာတော်ချီးမြှင့်ခြင်း | ဆရာကြီးဦးဆင်မြူရယ်ပေါ(လ်)၊ဥက္ကဋ္ဌ၊ SSD |
| အစည်းဝေးပိတ်သီချင်း | နံပါတ် ၁၁, M 177 |
| ကောင်းကြီးပေးဆုတောင်း | ဆရာဦးမင်းလွင်၊ရော၀တီအထက်တန်းဓမ္မကျမ်းစာကျောင်းအုပ် |

ကြေညာချက် - ဆရာဦးဂေဗင်ဂျွန်းစ်

စန္ဒယားတီးသူ - မွန်တောင်၊ အက်စတာဖိုး

ဘာသာပြန်သူ - ဆရာဦးကလူမူးပေါလ်၊ ကျောင်းသားရေးရာဌာနမှူး၊ MUAS

## နို၀င်ဘာလ (၁၁)ရက်၊ ၂၀၁၇ခုနှစ်၊ စနေနေ့ ၊ ၈း၀၀–၁၀း၀၀
## မြန်မာယူနီယံ၏နှစ်ပေါင်း
## ၁၁၅နှစ်သာသနာ့ခရီးစဉ်နှင့်ဥပုသ်စာပေဖြန့်ဝေခြင်းဝတ်ပြုခြင်းအစီအစဉ်

| | |
|---|---|
| ၀တ်ပြုကိုးကွယ်ခြင်းနှင့်ချီးမွမ်းခြင်း | ဆရာဦးခမ်ခန့်ခိုင်နှင့်အဖွဲ့ |
| ဆောင်ပုဒ်သီချင်း | နံပါတ် ၁, M 21, SDAH 100 |
| ကြိုဆိုနှုတ်ဆက်ခြင်း | ဆရာဦးရှိုင်းသာ |
| အစည်းဝေးဖွင့်သီချင်း | နံပါတ် ၁၃, M 144, SDAH 366 |
| အစည်းဝေးဖွင့်ဆုတောင်း | ဆရာဦးထန်ကန်းလို |
| ဥပုသ်စာဖြေသင်ခန်းစာလေ့လာခြင်း (၁၅မိနစ်) | ဆရာဦးထန်လန်းမွန် |
| အထူးသီချင်း | MUAS Choir |
| မြန်မာယူနီယံ၁၁၅နှစ်ခရီးစဉ်အပိုင်း (၁) | ၅မိနစ်ဗီဒီယို |
| အထူးသီချင်း | - |
| မြန်မာယူနီယံ၁၁၅နှစ်ခရီးစဉ်အပိုင်း (၂) | ၅မိနစ်ဗီဒီယို |
| အထူးသီချင်း | - |
| မြန်မာယူနီယံ၁၁၅နှစ်ခရီးစဉ်အပိုင်း (၃) | ၅မိနစ်ဗီဒီယို |
| အထူးသီချင်း | - |
| မြန်မာယူနီယံ၁၁၅နှစ်ခရီးစဉ်အပိုင်း (၄) | ၅မိနစ်ဗီဒီယို |
| အထူးသီချင်း | - |
| မန်မာယူနီယံ၁၁၅နှစ်ခရီးစဉ်အပိုင်း (၅) | ၅မိနစ်ဗီဒီယို |
| အထူးသီချင်း | - |
| သာသနာ့အလှူတော်ငွေကောက်ခံခြင်းအတွက်ကြေညာချက် | ဆရာဦးကိုင်ခန့်ခွါလ် |
| သာသနာ့အလှူတော်ငွေကောက်ခံခြင်း | အလှူငွေကောက်ခံရန်ရွေးချယ်ထားသူများ |
| အလှူတော်ငွေကောက်ခံချိန်အထူးသီချင်း | SEAS Choir and UMAS Choir |
| အလှူတော်ငွေဆက်ကပ်ဆုတောင်းခြင်း | Andrew McChesney/ Kai Khan Khual |
| အစည်းဝေးပိတ်သီချင်း | No. 14, M 147, SDAH 369 |
| အစည်းဝေးပိတ်ဆုတောင်း | ဆရာဦးမောင်မောင်ဌေး |

ကြေညာချက် - ဆရာဦးကပ်လျန်းထန်

စန္ဒယားတီးသူ - ဂယ်ရီဂျိမ်းစ်၊ မိုးစန္ဒာ

# နိုဝင်ဘာလ (၁၁)ရက်၊ ၂၀၁၇ခုနှစ် ၊ စနေနေ့ ၊ ၁၀း၁၅–၁၂း၀၀
# နေ့လည်တရားဟောစည်းဝေးဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်

| | |
|---|---|
| ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း | Bienvenido Mergal/ ကိုင်ခန့်ခွါလ် |
| ဂုဏ်တော်ချီးမွမ်းသီချင်း | ကိုယ်တော်ရှင်ဗိမ္မာန်တော်တွင်ရှိ၏ကျူး |
| ဆက်ကပ်ဆုတောင်းခြင်း | Ted Wilson, GC President |
| အစည်းဝေးဖွင့်သီချင်း | No. 11, M 177 |
| အစည်းဝေးဖွင့်ဆုတောင်းခြင်း | ဆရာဦးဆင်မြူရယ်ပေါလ်/ဆရာဦးထီးမသေပေါလ် |
| အလှူတော်ငွေအတွက်ဖတ်ကြားခြင်းနှင့်ဆုတောင်းခြင်း | Max Langi/ ဆရာဦးခဲလေသိန်း |
| အလှူငွေကောက်ခံခြင်းအတွက်တူရိယာသီချင်း | တယောသံစုံတေးဂီတအဖွဲ့ |
| ကျမ်းစာတော်မြတ်ဖတ်ကြားခြင်း | Johny Lubis, SSD Vice-President |
| အထူးသီချင်း | MUAS Choir |
| ဒေသနာရှင်အားမိတ်ဆက်ခြင်း | Kevin Costello, SSD Associate Secretary |
| တရားဒေသနာတော် | Ted Wilson, GC President |
| အစည်းဝေးပိတ်သီချင်း | No. 15, M 112, SDAH 330 |
| အစည်းဝေးပိတ်ကောင်းချီးတောင်းခံခြင်း | Rudy Baloyo/SSD Secretary |
| အတူတကွတုံ့ပြန်ချီးမွမ်းခြင်း | We Have This Hope |

ကြေညာချက် - ဆရာဦးကောနေလိလှ၊ဓမ္မတက္ကသိုလ်ကျောင်းအုပ်

စန္ဒယားတီးသူ - မွန်တောင် ၊ အက်စတာဖိုး

ဘာသာပြန်သူ - ဆရာဦးကောနေလိလှ၊ ဓမ္မတက္ကသိုလ်ကျောင်းအုပ်

# နိုဝင်ဘာလ (၁၁)ရက်၊ ၂၀၁၇ခုနှစ်၊ စနေနေ့
# မြန်မာယူနီယံ၏သာသနာ့နှစ်ပေါင်း ၁၁၅နှစ်ခရီးစဉ်အတွက်
# အသိအမှတ်ပြုပြောကြားခြင်း ၊ နေ့လည် ၁း၃၀–၄း၀၀

| | |
|---|---|
| ချီးမွမ်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်း | ဆရာဇော်လင်းဦးနှင့်အဖွဲ့ |
| ဆောင်ပုဒ်သီချင်း | နံပါတ် ၁, M 21, SDAH 100 |
| အစည်းဝေးဖွင့်ဆုတောင်းခြင်း | ဆရာဦးကပ်လျန်းထန် |
| အထူးမှတ်ချက်စကား | Nancy Wilson, GC Transition Ministry |
| အထူးသီချင်း | Three Angels Vocal Band |
| အထူးမှတ်ချက်စကား | Jacinth Adap, SSD Under-Treasurer |
| အထူးမှတ်ချက်စကား | Jim Rennie, CEO of CII, USA |
| အထူးသီချင်း | The Agent |
| အထူးမှတ်ချက်စကား | Andrew McChesney, Adventist Mission Editor |
| အထူးမှတ်ချက်စကား | Myun Jung Lee, BAUM President |
| အထူးသီချင်း | The Vessel |
| အထူးမှတ်ချက်စကား | Yew Lip Sin, SSD ASI President |
| အထူးမှတ်ချက်စကား | Somchai Chuenjit, SAUM President |
| အထူးသီချင်း | MUAS Zomi Seminar |

# အငြိမ်းစားဓမ္မဆရာကြီးများအားဂုဏ်ပြုခြင်း
# ညနေ ၄း၀၀–၅း၀၀

| | |
|---|---|
| စင်မြင့်ပေါ်တွင်နေရာယူခြင်း | ပါဝင်ဦးဆောင်သူများ |
| အထူးသီချင်း | UMAS Choir |
| အသိအမှတ်ပြုခြင်းနှင့်ဂုဏ်ပြုစကားပြောကြားခြင်း | Ted Wilson, GC President |
| | ဆရာကြီးဦးဆင်မြူရယ်ပေါ(လ်)၊ဥက္ကဌ၊ SSD |
| | Victor Din, BACA |
| | ဆရာဦးမူနားပေါ(လ်)၊မြန်မာယူနီယံဥက္ကဌ |
| အငြိမ်းစားဓမ္မဆရာကြီးများအားဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခြင်း | ဆရာမချိုချိုပေါလ်နှင့်အဖွဲ့ |
| အငြိမ်းစားဓမ္မဆရာကြီးများအားဆက်ကပ်ဆုတောင်းပေးခြင်း | Ted Wilson, GC President |

ကြေညာချက်များ - ဆရာဦးကောနေလိလု

## ဆက်ကပ်ဝတ်ပြုခြင်းအစမ်းအနား
## ညနေ ၅း၀၀–၆း၀၀

| | |
|---|---|
| အစည်းဝေးဖွင့်သီချင်း | No. 15, M 112, SDAH 330 |
| အစည်းဝေးဖွင့်ဆုတောင်း | Timothy Roy, BAUM Secretary |
| ဒေသနာရှင်အားမိတ်ဆက်ပေးခြင်း | Kelly P Lyan, MYUM Secretary |
| ဆောင်ပုဒ်သီချင်း | No. 1, M 21, SDAH 100 |
| ဆက်ကပ်ခြင်းဒေသနာတရားတော်ဟောကြားခြင်း | Rudy Baloyo, SSD Secretary |
| ဆက်ကပ်ဆုတောင်းခြင်း | Johny Lubis, SSD Vice-President |

## နိုဝင်ဘာ (၁၁)ရက်၊ ၂၀၁၇ခုနှစ်၊ စနေနေ့ညနေ၊ ၇း၀၀–၇း၃၀
## မြော်လင့်ခြင်းလူငယ်ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဖျော်ဖြေရေးအစီအစဉ်

| | |
|---|---|
| ချီးမွမ်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ် | ဓမ္မတက္ကသိုလ်မှအထူးလူငယ်များ |
| ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း | ဆရာကပေါ်မူး |
| AY ဆောင်ပုဒ်သီချင်း | Pass It On |
| အစည်းဝေးဖွင့်ဆုတောင်းခြင်း | ဆရာဦးအေဝမ်းသိန်း |
| အထူးသီချင်း | Tuang Khek and Gorup |
| ဒေသနာရှင်အားမိတ်ဆက်ပေးခြင်း | ဆရာဦးအေဝမ်းသိန်း(လူငယ့်ဌာနဒါရိုက်တာ) |
| တရားဒေသနာတော် | Jhony Lubis, SSD Vice-President |
| အစည်းဝေးပိတ်သီချင်း | We Have This Hope |
| အစည်းဝေးပိတ်ဆုတောင်းခြင်း | ဆရာဦးငွေးမင်းထွန်း |

# ရှိုးရာအကနှင့်သက်သေခံခြင်းအစီအစဉ်များ

## ညရ၊း၃၀–၈း၃၀

| | |
|---|---|
| ရိုးရာယဉ်ကျေးမှုအကတင်ဆက်ခြင်း (၁) | - |
| သက်သေခံခြင်းအစီအစဉ် | အထက်ပိုင်းတိုင်း |
| ရိုးရာယဉ်ကျေးမှုအကတင်ဆက်ခြင်း (၂) | - |
| သက်သေခံခြင်းအစီအစဉ် | အလယ်ပိုင်းတိုင်း |
| ရိုးရာယဉ်ကျေးမှုအကတင်ဆက်ခြင်း (၃) | - |
| သက်သေခံခြင်းအစီအစဉ် | ဧရာဝတီတိုင်း |
| ရိုးရာယဉ်ကျေးမှုအကတင်ဆက်ခြင်း (၄) | - |
| သက်သေခံခြင်းအစီအစဉ် | အရှေ့တောင်တိုင်း |
| ရိုးရာယဉ်ကျေးမှုအကတင်ဆက်ခြင်း (၅) | - |
| သက်သေခံခြင်းအစီအစဉ် | ရန်ကုန်တိုင်း |
| ရိုးရာယဉ်ကျေးမှုအကတင်ဆက်ခြင်း (၆) | - |
| အတူတကွချီးမွမ်းသီဆိုခြင်း | We Have This Hope |

# မြန်မာပြည်လုံးဆိုင်ရာဓမ္မညီလာခံနှင့်
# မြန်မာပြည်ဧဝံဂေလိနှင့်ခြင်းသာသနာစရီးစဉ်
# နှစ်ပေါင်း၁၁၅နှစ်ပြည့်အထိမ်းအမှတ်ပွဲကျင်းပရေးတာဝန်ခွဲဝေခြင်း

| | |
|---|---|
| **အကြံပြုပုဂ္ဂိုလ်များ** | -တိမောသေမူနားပေါလ်၊ ဝက်စလေဒိုး၊ မူးလာကျော်။ |
| **ညွှန်ကြားရေးမှူး** | -ကယ်လီပီလျှန်း။ |
| **လက်ထောက်ညွှန်ကြားရေးမှူးများ** | -ခင်မောင်လတ်၊ ဌေးမင်းထွန်း၊ တင်လေး၊ အေဝမ်းသိန်း။ |
| **ဘဏ္ဍာရေးမှူး** | -ခဲလေသိန်း။ |
| **လက်ထောက်ဘဏ္ဍာရေးမှူးများ** | -လယ်ဂေးကျော်၊ လေးမူးကျော်။ |
| **တေးဂီတတီးမှုတ်ခြင်းနှင့်သီချင်းဦးဆောင်ခြင်း** | -ဆားနေညွှန့်၊ ကျင်ဆန်းလွန်၊ လေးဝါး၊ ဂျူးလီးယက်ငြိမ်း ၊ ဟောင်ဂိုထန်၊ အောင်မြင့်ထွန်း ၊ ရှရွှန်သိန်း၊ သန်းသန်းအေး ။ |
| **စန္ဒယားတီးသူများ** | -အက်စတာဖို့၊ မွန်တောင်၊ ဇော်လင်းဦး၊ ဂယ်ရီဂျိမ်း၊ ရှရွှန်သိန်း။ |
| **ဓါတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးတာဝန်ခံများ** | -ထန်ပေါင်၊ ဟေထူး၊ ကပေါ်မူး။ |
| **လုံခြုံရေးတာဝန်ခံများ** | -တင်လေး ၊ ရော်ဂျယ်မိုး၊ တီတိုး ၊ အိုင်းဇက်ကဲ၊ ဝင်းနိုင်ဦး၊ အယ်ဆဲခရစ်။ |
| **သယ်ယူပို့ဆောင်ရေးတာဝန်ခံ** | -နန်ဒိုဒါးလ်၊ ဇော်မင်းလတ်(AYM)၊ လယ်စေး ၊ သာထွန်းအေး၊ တီတိုး ၊ လားကပေါ်ထွန်း ၊ နန်ကက်ထန် ၊ ဂျက်စတီးနို |
| **အသံချဲ့စက်တာဝန်ခံများ** | -တမေဘော၊ ထန်ခက်ခင်၊ ဇန်ဒိတ်ပိုင် ။ |
| **မှတ်ပုံတင်တာဝန်ခံများ** | -စူးစီစိန်၊ ခင်စန္ဒာတင်၊ နူယဉ်အေး ၊ တင်သန္တာထွန်း ၊ အေးမြဖြူထွန်း ၊ အေးမြဝေထူး၊ ဒီဇင်ဘာအေး၊ လေဒီဒေါင်း။ |
| **လျှပ်စစ်မီးနှင့်စက်တာဝန်ခံများ** | -ပွန်ခန်ဟောင်း၊ထွန်းနိုင်ဦး၊ စစတင်ဗင်၊ စိုင်းမွန်၊ စေးဝါး။ |
| **ချက်ပြုတ်ရေးတာဝန်ခံများ** | -ချိုချိုပေါလ် ၊ ထွန်းနေ၊ အေးအေးသန်း၊ မူးကပေါ်ရှီး၊ အေဝမ်းသိန်း၊ ဒူးဟိန်း၊ မျိုးဇော်ထွန်း ၊ အန်ဒရူးတင်၊ ဟောင်ခန်းကျင်။ |
| **ကျန်းမာရေးတာဝန်ခံများ** | -ဆားနေညွှန့် ၊ မန်းစိုးသိန်း၊ လှလှအေး၊ |

ထွေးလေး ၊ အိုင်းရစ်သိန်း ၊ လင်းလင်းသွယ်။

**ညပိုင်းအစီအစဉ်တာဝန်ခံများ** -ရှိုင်းသာ ၊ ငွေမင်းထွန်း ၊ ထန်ခန်းလို ၊ ဆွခေါင်ငင်၊ တင်မောင်ဆန်း။

**နေရာချပေးရေးတာဝန်ခံများ** -လေးမူးကျော်၊ မင်းလွင်၊ စိုးနိုင်၊ အေးမော့စိန်၊ မိနိုးတာဖိုး ၊ လားရှီး ၊ သဆဲ ၊ အိုင်းဇက်၊ တင်မောင်ဆန်း ၊ မန်ဆရန်းတွမ် ၊ ဝင်းနိုင်ဦး၊ ခန်ခမ့်ခိုင်၊ ဆုမွန်ထွေး၊ ကောခူဖော။

**ဆက်သွယ်ရေးနှင့်ပြန်ကြားရေးတာဝန်ခံများ** -ရှိုင်းသာ၊ မူးလာတော၊ လှလှမြင့်၊ ဒိုလျန်းထန်။

**စင်မြင့်နှင့်မဏ္ဍပ်အလှဆင်ခြင်း** -ဆိုဟီးလာရှိုင်း၊ အိအိ၊ အွလုံးကုံ၊ မြရွှေဝါ၊ ထရေဇာအုန်း ၊ ဆောင်းဝေဝေ ၊ ရှိုင်းသာ၊ မျိုးနိုင်၊ နန်ဘောက်။

**ချီးမွမ်းဝတ်ပြုကိုးကွယ်ခြင်းတာဝန်ခံများ** -ငွေမင်းထွန်း ၊ မန်စရန်းတွမ် ၊ ဇီးစားလျန်နာ၊ စံပီး၊ တိန့်ဆောင်။

**ဓမ္မညီလာခံ၏ဆောင်ပုဒ်** -ဘုရားရှင်၏ထာဝရကျေးဇူးဂရုဏာနှင့်သစ္စာတရားတော်။

**စင်မြင့်တာဝန်ခံများ** -ကပ်လျန်းထန်၊ အဲဗင်ဖိုးဖိုးလှ ၊ စော်ကဲ၊ စက်စံရွှေ ၊ မောင်မောင်ငွေ၊ ကိုင်ခန့်ခွါလ်၊ ခလောဒီးယက်စ်ဘရောင်း။

**ဘာသာပြန်တာဝန်ခံများ** -အဲဗင်ဖိုးဖိုးလှ ၊ ကောနေလိလှ ၊ ဂေဗင်ဂွျန်းစ်။

**ပြခန်းတာဝန်ခံများ** -ရိုဇားမာ ၊ လှကွန်း၊ ခင်မောင်ရင်၊ ထန်လန်းမွန်၊ရွှေသက်ဦး၊ ပေါလ်တန်ဘောက်နော်၊ ဖုန်းနိုင်။

**မဏ္ဍပ်နှင့်နေရာချထားရေးတာဝန်ခံများ** -ကလူမူးပေါလ်၊ ထန်ကန်းလို၊ လယ်ဂေးကျော်၊ နန်ခန့်ထန်။

**ကြိုတင်ပြင်ဆင်ခြင်းနှင့်သန့်ရှင်းရေးတာဝန်ခံများ** -သိန်းတန် ၊ စိုင်းယံထွန်း ၊ ရော်ဂျာမိုး ၊ တင်မောင်ဆန်း၊ တင်လေး။

**ပွဲမိန့်တောင်းခံခြင်းတာဝန်ခံ** -တင်လေး။

**ခြံဝင်းသာယာလှပရေးတာဝန်ခံများ** -သိန်းတန်၊ အွလုံးကုံ ၊ ကြည်မေဝင်း၊ ဘားဒီစိန်၊ အိုင်းရစ်သိန်း၊ ဝေနေအောင်။

# မြန်မာယူနီယံအသင်းတော်အဖွဲ့ငယ်နှစ်ခြင်းခံယူသူပေါင်းနှင့် အသင်းသားများစာရင်း
## ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ၃၀ရက်

| မစ်ရှင် | အသင်းတော်များ | အဖွဲ့ငယ်များ | နှစ်ခြင်းခံယူသူဦးရေ | အသင်းသားဦးရေ |
|---|---|---|---|---|
| ဧရာဝတီတိုင်း | ၆၂ | ၂၄ | ၁၅ | ၇၆၇၀ |
| အလယ်ပိုင်းတိုင်း | ၃၀ | ၁၉ | ၆၃ | ၄၇၆၂ |
| အရှေ့တောင်တိုင်း | ၂၇ | ၁၈ | ၁၂ | ၄၉၉၆ |
| အထက်ပိုင်းတိုင်း | ၇၆ | ၃၁ | ၆၂ | ၈၈၄၈ |
| ရန်ကုန်တိုင်း | ၃၈ | ၁၄ | ၉ | ၅၄၂၉ |
| စုစုပေါင်း | ၂၃၃ | ၁၀၆ | ၁၆၁ | ၃၁၇၀၅ |

## ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏ ၁၁၅နှစ်မြောက်သာသနာ ခရီးစဉ်အကျဉ်း

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏၁၁၅နှစ်မြောက် သာသနာခရီးစဉ်ကိုအကျဉ်းချုံး၍ဖော်ပြလိုပါသည်။ သာသနာခရီးအစပြုခဲ့သူများမှာ ဓမ္မစာပေရှေ့ပြေးတမန်တော်များဖြစ်ပါသည်။ ၁၉၀၂ ခုနှစ်တွင်ဓမ္မစာပေအမှုတော်ဆောင် ဆရာကြီးမိုင်းယား(H.B Meyers)နှင့်ဆရာကြီးဝပ်ဆန်(Watson) တို့သည်ဓမ္မစာပေဖြန့်ချီရန်ကာလကတ္တားမြို့မှ ရန်ကုန်မြို့ကိုရောက်ရှိလာကြသည်။ ရန်ကုန်မြို့သို့ရောက်သောအခါ ဆရာကြီးနှစ်ဦးသည် ခရစ်ယာန်စာပေများနှင့်သမ္မာကျမ်းစာကိုဖြန့်ချီရောင်းချရန်မော်လမြိုင်မြို့သို့သွားကြပါသည်။ မော်လမြိုင်မြို့သို့ရောက်သောအခါ သတ္တမနေ့ဥပုသ်ကိုသိရှိပြီး တစ်ဦးတည်းသတ္တမနေ့တွင်ဥပုသ်စောင့်သော မမေ ဆိုသူအမျိုးသမီးတစ်ဦးနှင့်သိရှိရင်းနှီးခဲ့သည်။ မမေသည်ကမ္ဘာပေါ်တွင်သတ္တမနေ့ဥပုသ်ကိုစောင့်သောသူသည်မိမိတစ်ဦးတည်းသာရှိကြောင်း ထင်ခဲ့ပါသည်။ သို့သော်ဆရာကြီးနှစ်ဦး၏ပြောပြချက်အရ၊ ကမ္ဘာပေါ်တွင်သတ္တမဥပုသ်စောင့်သောသူများ၊ များပြားစွာရှိနေကြောင်းသိရှိခဲ့ရသဖြင့် အလွန်မှပင်ဝမ်းမြောက်ဝမ်းသာခဲ့ပါသည်။

မမေသည်ဆရာကြီးနှစ်ဦးကိုရန်ကုန်တွင်အစိုးရဝန်ထမ်းတစ်ဦးဖြစ်သူ၊သူမ၏မောင်၊ ဦးမောင်မောင်နှင့်ဆက်သွယ်ပေးလိုက်သည်။ ဆရာကြီး H.B Meyers နှင့်ဆရာကြီး ဝပ်ဆန် (Watson)တို့သည် ရန်ကုန်သို့ပြန်ရောက်သောအခါ၊ သူမ၏မောင်ဖြစ်သူဦးမောင်မောင်ကို သွားရောက်တွေ့ဆုံမိတ်ဖွဲ့ပြီး ကျမ်းစာဆွေးနွေးခဲ့ကြပါသည်။ ဦးမောင်မောင်သည် မိမိသိလိုသောကျမ်းစာကို ဆရာကြီးနှစ်ဦးအားမေးမြန်းရာ ဆရာကြီးများကလည်း ကျမ်းစာကိုကောင်းမွန်စွာဖြေကြားလျက် သင်ကြားပေးခဲ့ပါသည်။

ဦးမောင်မောင်သည်သတ္တမနေ့ဥပုသ်မှာမှန်ကန်ကြောင်းကိုယုံကြည်လက်ခံလာပြီး မိမိ၏အလုပ်မှနုတ်ထွက်လိုက်သည်။ သူသည်အမှန်တရားကိုသိရှိလာသဖြင့် မိမိ၏အကျိုးအခွင့်များနှင့် ရာထူးတစ်ဆင့်တိုးရန် အခွင့်အရေးကောင်းများကိုပင် စွန့်လွှတ်လိုက်ကာ ဘုရားအမှုတော် တွင်ပါဝင်ဆက်ကပ်ခဲ့ပါသည်။

၁၉၀၄ ခုနှစ်တွင်ဦးမောင်မောင်သည်ကာလကတ္တားမြို့ ခရစ်ယာန်သာသနာအဖွဲ့ညီလာခံအစည်းအဝေးကို မိမိ၏စရိတ်ငွေဖြင့်သွားရောက်ခဲ့ပြီး ထိုအစည်းအဝေးတွင်သတ္တမနေ့ဥပုသ်အသင်းအဖွဲ့မှခရစ်ယာန်သာသနာပြုများ မြန်မာပြည်သို့စေလွှတ်ပေးပါရန် တောင်းဆိုခဲ့ပါသည်။ သို့ဖြစ်၍သာသနာအဖွဲ့မှ ဆရာကြီးဗိုထော်(Herbert H Votaw)နှင့် ဆရာကြီးဟင်ဆင်(Hen Sen)သူနာပြုဇနီးမောင်နှံတို့ကိုမြန်မာပြည်သို့စေလွှတ်ခဲ့ရာ ၁၉၀၅ ခုနှစ်တွင်ရန်ကုန်ကိုရောက်ရှိလာခဲ့ကြသည်။ဆရာကြီးတို့သည်ရန်ကုန်တွင်အမှတ်၆၁၊ အောက်ကြည့်မြင်တိုင်လမ်း၌ အိမ်ငှားနေရင်းတရားပွဲများ စတင်ကျင်းပသည်။ ကျမ်းစာများသင်ကြားပေးသည်။ ဆရာကြီး H.B Meyers နှင့်ဆရာကြီးဝပ်ဆန် (Watson)တို့ကြိုးပမ်းမှုကြောင့် အသီးဦးများဖြစ်သည့် ဦးဘိုးလှ၊ ဦးချစ်လှ၊မမေ၊ မောင် မောင်၊မသိန်းမေ၊ ဧသေတာ၊မောင်မြတ်ထွန်းတို့သည် ဆရာကြီးHerbert

H Votaw ရောက်လာသောအခါနှစ်ခြင်းခံယူကြသည်။

၁၉၁၅ ခုနှစ်မှစပြီးဆရာကြီးHerbert H Votaw သည်မြန်မာပြည်အသင်းတော်၏ သာသနာကြီးကြပ်ရေးမှူး Myanmar Union Mission Superitendent အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီး H.H Votaw သည်၁၉၁၅ ခုနှစ်ကုန်ပိုင်းတွင်မော်လမြိုင်သို့သွားရောက်ပြီး ကျမ်းစာစိတ်ဝင်စားသူများကိုကျမ်းစာသင်ပေးသည်။မော်လမြိုင်၊မိတ္ထီလာ၊ရှမ်းပြည်၊မေမြို့ တို့တွင်သာသနာလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်ခဲ့သည်။ ထို့နောက်ဒေါက်တာတွင်းဘလဒ် သည် မြန်မာပြည်သို့ရောက်လာပြီးမေမြို့တွင်သွားရောက်ကာ ခရစ်ယာန်သာသနာလုပ်ငန်း ကိုလုပ်ကိုင်ခဲ့သည်။ ဘရိုက်လန်း (Bright Land)ဟူသောအမည်ကိုဒေါက်တာတွင်းဘလဒ်က မှည့်ခေါ်ပေးခဲ့သည်။

ဆရာကြီး R.B Thurber သည်မြန်မာပြည်သို့ရောက်လာပြီး၊ဆရာကြီး H.H Votaw နှင့် အတူမိတ္ထီလာနှင့်၂မိုင်ဝေးသောနေရာတွင် စာသင်ကျောင်းနှင့်ဘော်ဒါဆောင်ဆောက်ပြီး အသက်မွေးမှုပညာသင်ကျောင်းဖွင့်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင်မြန်မာပြည်အသင်းတော်ကို ယူနီယံမစ်ရှင်အဖြစ်ဖွဲ့စည်းခဲ့သည်။ အဖွဲ့အစည်းတစ်ရပ်အနေဖြင့်တည်ရှိပြီးနောက်၊ အသင်းတော်၏ ကြီးကြပ်ရေးမှူးအဖြစ် Charles V. Lowry က၁၉၁၆ ခုနှစ်တွင်စတင်ထမ်းဆောင်ခဲ့သည်။

နိုင်ငံခြားသာသနာပြုကြီးများနှင့် ပြည်တွင်းမှယုံကြည်သူအသင်းသူအသင်းသားများပူးပေါင်းကာအမှုတော်ဆောင်ကြရာ မြို့တွင်းသာမကနယ်များတိုင်အောင် သာသနာပြန့်ပွားခဲ့သည်။ ထို့ပြင် ဆရာကြီးအိုဝီလ်ဆင်သည်၁၉၂၂ ခုနှစ်တွင် မြန်မာပြည်သို့ရောက်ရှိလာပြီး၊ ဓမ္မစာပေရောင်းချခြင်းကိုအင်တိုက်အားတိုက် လုပ်ဆောင်ပြီးကင်းစောင့်ပုံနှိပ်တိုက်ကို ၁၉၅၀ခုနှစ်ဩဂုတ်လတွင်တည်ဆောက်ခဲ့ပါသည်။

၁၉၆၀-၆၁ ခုနှစ်တွင်းတွင်မြောင်းမြမုဆိုးကွင်း၌ဓမ္မတက္ကသိုလ်ကိုဆောက်လုပ်ပြီးဖွင့်လှစ်ခဲ့ပါသည်။ ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးသည် ယခုတိုင်အောင် အမှုတော်ဆောင်ပေါင်းမြောက်များစွာကိုမွေးထုတ်ပေးခဲ့ပါသည်။ နိုင်ငံခြားသာသနာပြုအမှုတော်ဆောင်မြောက်များစွာတို့သည်နှစ်ပေါင်းများစွာမြန်မာပြည်သာသနာကိုတိုးချဲ့လုပ်ကိုင်လာခဲ့ကြသည်။

နှစ်ပေါင်း ၃၀-၄၀ ကျော်လာသောအခါရန်ကုန်မြို့အသင်းတော်ဗဟိုဌာနချုပ်ကို သတ္တမနေ့ဥပုသ်အသင်းသာသနာပိုင်မြေပေါ်တွင်စတင်တည်ဆောက်ခဲ့သည်။ ဌာနချုပ်ရုံးခန်း၊ သာသနာပြုကြီးများနေထိုင်ရန် အိမ်ခန်းများ၊ မြေညီထပ်ရုံးခန်းများ ဝန်ထမ်းများနေထိုင်ရန် အိမ်ခန်းများဆောက်လုပ်ပေးခဲ့သည်။သာသနာသည်ကရင်ပြည်နယ်ရှိ ကမမောင်း၊ အုန်းတောနှင့်ကျေးရွာများ၊ မြစ်ဝကျွန်း ပေါ်ရှိမြန်အောင်၊ဟင်္သာတ၊ မြောင်းမြ၊ထူးကြီး၊အထက်မြန်မာပြည်ရှိမိတ္ထီလာ၊ မန္တလေး၊ မေမြို့ တိုင်အောင်ပျံ့နှံ့ခဲ့သည်။တောင်ပေါ်ဒေသများဖြစ်သည့် တောင်ငူ၊ရွှေညောင်ပင်၊ ကျောက်တိုင်၊ ပင်လယ်ပိုင်းဒေသများဖြစ်သောအမာ၊ ဘိုကလေး၊ အောင်ကုန်း၊ အောက်ဆိပ်ကွင်း၊ ဘားအံမြို့ နယ်ဒေသများဖြစ်သည့်လေးဖို့ထာ၊ ထီးလာနဲ၊မအဲ၊ ဒုံရင်းစသည့်ဒေသများတွင်တစ်စတစ်စ သတ္တမနေ့ဥပုသ်သာသနာတိုးချဲ့လာနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင်ဂျပန်လေတပ်၏ ဗုံးဒဏ်ကြောင့်ရန်ကုန်မြို့ကြီးတွင်မြို့ပျက်ကြီးအဖြစ်နေ့ချင်း ညချင်းဖြစ်သွားပြီး လူများသည်လည်းလွတ်ရာသို့ပြေးကြရသောကြောင့်မြန်မာပြည် အရပ်ရပ်ရှိအသင်းတော်များသည် အဆက်အသွယ်ပြတ်သွားကြသည်။ နိုင်ငံခြားသာသနာပြုကြီးများလည်း မိမိတို့နိုင်ငံသို့အသီးသီးပြန်သွားကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသွားသောအခါသာသနာအဆောက်အဦးများဆေးခန်းများပျက်စီးသွားကုန်သော်လည်း သာသနာပြုဆရာကြီးများ၊ အသင်းသူအသင်းသားများ၏ နှလုံးသားထဲတွင်စူးနစ်ဝင်ရောက်နေသော ခရစ်တော်ဘုရားကိုယုံကြည်ခြင်းနှင့်ခရစ်တော်ဘုရား၏ဧဝံဂေလိသတင်းစကားအလင်းတရားများကား ရှင်သန်နေဆဲရှိနေပါသည်။

၁၉၅၁ ခုနှစ်တွင်ဆရာကြီးH.Eရောလ်စန်သည်ရန်ကုန်မြို့သို့ရောက်ရှိလာပြီး ဗျာဒိတ်တော်အသံသင်တန်းကိုဖွင့်လှစ်ပေးခဲ့သည်။ ၁၉၅၃ခုနှစ်မှစပြီး အမှုတော်သည် ချင်းတောင်တန်းရှိကလေး၊တာဟန်းဒေသ၊၁၉၆၁ ခုနှစ်တွင်ကချင်ပြည်နယ်၊ ချင်းပြည်နယ်တောင်ပိုင်း၊၁၉၇၁ ခုနှစ်တွင်ဟုမ္မလင်းနာဂတောင်တန်း၊မတူပီ၊၁၉၇၈ခုနှစ်တွင်တောင်ငူမြို့နယ်တာပြေးရွာတွင်ဓမ္မကျမ်းစာကျောင်းကိုဖွင့်လှစ်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင်ယူနီယံဥက္ကဌကြီးဦးကျော်ဘာလေဦးဆောင်သော ကော်မီတီမှ မြောင်းမြတွင်ဖွင့်လှစ်ထားသော ခရစ်ယာန်သာသနာလုပ်ငန်းဆိုင်ရာသင်တန်းကျောင်းကို မြန်မာယူနီယံမြော်လင့်ခြင်းဓမ္မတက္ကသိုလ် (Myanmar Union Adventist Seminary) အဖြစ်မြှင့်တင်ပြီးသင်တန်းကာလလေးနှစ်သတ်မှတ်ကာသင်တန်းပြီးလျှင် ဝိဇ္ဇာဘွဲ့အပ်နှင်းရန် ကော်မီတီမှဆုံးဖြတ်ခဲ့သည်။

၁၉၆၆ ခုနှစ်မှစပြီးသာသနာဦးစီးဥက္ကဌအဖြစ်ဆရာကြီးဦးကေဖေါ၊ အတွင်းရေးမှူးအဖြစ်ဆရာကြီးဦးထွန်းစိန်၊ ဘဏ္ဍာရေးမှူးအဖြစ်ဆရာကြီးဦးပိန်းကြည်တို့ကို တောင်အာရှဒီဗီဇံဌာနချုပ်မှရွေးချယ်တင်မြောက်လိုက်ပြီး သတ်မှတ်ထားသောနှစ်အလိုက်တစ်ဖွဲ့ပြီးတစ်ဖွဲ့ရွေးချယ်တင်မြှောက်သည်။

၁၉၇၆ ခုနှစ်မှ၁၉၈၇ ခုနှစ်အတွင်း၊မြန်မာယူနီယံလူကြီးများမှာ ဥက္ကဌအဖြစ် ဆရာကြီး ဦးကျော်ဘာလေ၊ အတွင်းရေးမှူးအဖြစ်ဆရာကြီးဦးသိန်းရွှေ၊ ဘဏ္ဍာရေးမှူးအဖြစ်ဆရာကြီးဦးဘလှသိန်းတို့လက်ထက် ၁၉၈၆ ခုနှစ်မှစပြီးမျှော်လင့်ခြင်းအသံရေဒီယိုအစီအစဉ်ကိုဆရာကြီးဦးဘခင်မှဦးဆောင်အသံလွှင့်ခဲ့ပါသည်။ မျှော်လင့်ခြင်းအသံရေဒီယိုတွင် မြန်မာအစီအစဉ် ပိုးကရင်အစီအစဉ်၊စကောကရင်၊ချင်း၊ကချင်၊ရှမ်းမွန်အစီအစဉ်တို့ဖြင့်သာသနာလုပ်ငန်းကိုဆောင်ရွက်လျက်ရှိပါသည်။

ယူနီယံအသင်းတော်လူကြီးများအား ငါးနှစ်တစ်ကြိမ်ရွေးချယ်တင်မြှောက်ခဲ့ရာ ၁၉၈၈ ခုနှစ်မှစ၍ယူနီယံလူကြီးများ မှာဥက္ကဌဆရာကြီးဦးသိန်းရွှေ၊ အတွင်းရေးမှူး၊ ဆရာကြီးဦးဘလှသိန်း၊ဘဏ္ဍာရေးမှူးဆရာကြီးဦးဒိုဟင်ပေါင်တို့ဖြစ်သည်။ ၁၉၉၁ခုနှစ် မှ၁၉၉၅ခုနှစ်အထိ ဥက္ကဌဆရာကြီးဦးဘလှသိန်း၊ အတွင်းရေးမှူးဆရာကြီးဦးဘခင်၊ ၁၉၉၄ခုနှစ်မှစပြီး ဥက္ကဌဆရာကြီးဦးဆန်းဒီဒီး၊ဘဏ္ဍာရေးမှူးဆရာကြီးဦးဒိုဟင်ပေါင်း (၁၉၉၆ခုနှစ်အထိ)၁၉၉၄ ခုနှစ်မှစပြီးဘဏ္ဍာရေးမှူးဆရာကြီးဦးမူးလာကျော်က တာဝန်ယူထမ်းဆောင်ခဲ့ပါသည်။

၁၉၉၆ - ၂၀၀၀ ခုနှစ်အထိယူနီယံလူကြီးများမှာ ဥက္ကဌဆရာကြီးဦးဆန်းဒီ၊ အတွင်းရေးမှူးဆရာကြီးဦးကစ်ဇန်နန်ကွယ်လွန်သွားရာဆရာကြီး ဦးမူးလာကျော်ကဆက်လက်တာဝန်ထမ်းဆောင်သည်။ ဘဏ္ဍာရေးမှူးအဖြစ်ဆရာကြီးဦးမဲမရီထွန်းတို့ဖြစ်သည်။ ၂၀၀၀-၂၀၀၃ ခုနှစ်အတွင်းအသင်းတော်လူကြီးများမှာ ဥက္ကဌဆရာကြီးဦးတင်ထွန်းရှင်း၊ အတွင်းရေးမှူးဆရာကြီးဦးမူးလာကျော်၊ ဘဏ္ဍာရေးမှူးဆရာကြီးဦးမဲမရီထွန်းဖြစ်သည်။ ဆရာကြီးဦးတင်ထွန်းရှင်းပင်စင်ယူသွားသောအခါ ဥက္ကဌဆရာကြီးဦးမူးလာကျော်၊ အတွင်းရေးမှူးဆရာကြီးဦးမဲမရီထွန်း၊ ဘဏ္ဍာရေးမှူးဦးနန်ဒိုဒါလ်းတို့ တာဝန်ယူထမ်း ဆောင်ခဲ့သည်။ ၂၀၀၉-၂၀၁၅ ခုနှစ်အထိ ယူနီယံလူကြီးများမှာ ဥက္ကဌဆရာကြီးဦးမဲမရီထွန်း၊ အတွင်းရေးမှူးဆရာကြီးဦးမင်းလွင်၊ ဘဏ္ဍာရေးမှူး ဆရာကြီးဦးနန်ဒိုဒါလ်း တို့ပါဝင်ဆက်ကပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှစပြီးယူနီယံလူကြီး များမှာဥက္ကဌအဖြစ်ဆရာကြီး ဦးတိမောသေမူနားပေါလ်၊အတွင်းရေးမှူးအဖြစ် ဆရာ ကြီးဦးကယ်လီပီလျန်း၊ဘဏ္ဍာရေးမှူးအဖြစ် ဆရာကြီးဦးခဲလေသိန်းတို့ပါဝင်ဆက်ကပ်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ယူနီယံလက်အောက်ရှိဌာနဆိုင်ရာဦးဆောင်သူများမှာ သာသနာ့ဆက်သွယ်ရေးညွှန်ကြားရေးမှူးပါစတာဦးရှိုင်းသာဒွေး၊ ပညာရေးမှူးပါစတာခလောဒီးယာပ်စ်ဘရောင်း၊ ဝိညာဉ်တော်စာပေဌာနညွှန်ကြားရေးမှူး ပါစတာဦးဘောလာ၊ဥပုသ်စာဖြေဌာနညွှန်ကြားရေးမှူးပါစတာဦးထန်ကန်းလို၊ ဓမ္မရေးရာဌာနညွှန်ကြားရေးမှူးပါစတာဦးခင်မောင်လတ်၊ ဘဏ္ဍာစိုးဌာနညွှန်ကြားရေးမှူးပါစတာဦးကိုင်ခန့်ခွါလ်၊ လူငယ်ဌာနညွှန်ကြားရေးမှူးပါစတာအေဝမ်းသိန်း၊ ကျန်းမာရေးဌာနညွှန်ကြားရေးမှူးဦး စောဆားနေညွှန့်၊အမျိုးသမီးဌာနညွှန်ကြားရေးမှူးဒေါ် ဆိုဟီးလာရှိုင်း၊ ကလေးမိသားစုဌာနညွှန်ကြားရေးမှူးဒေါ်ချိုချိုပေါလ်တို့ပါဝင်ဆက်ကပ်အမှုတော်ဆောင်လျက်ရှိသည်။

တိုင်းငါးတိုင်းတွင် ဦးဆောင်လျက်ရှိသော ဥက္ကဌများမှာရန်ကုန်တိုင်းမှ ပါစတာဦးမောင်မောင်ငွေး၊ ဧရာဝတီတိုင်းမှ ပါစတာဦးစက္ကစံရွှေ၊ အရှေ့တောင်တိုင်းမှပါစတာဦးဇော်မင်းလွင်၊ အထက်မြန်မာပြည်မှပါစတာကပ်လျန်းထန်၊ အလယ်ပိုင်းတိုင်းမှပါစတာ အယ်လ်ဗင်းဖိုးဖိုးလှတို့ဖြစ်ပါသည်။ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့ဥပုသ်သာသနာခရီးသည်အခက်အခဲအမျိုးမျိုးရင်ဆိုင်တွေ့ကြုံရသော်လည်း အဖဘုရားသခင်ပို့ဆောင်တော်မူသောကြောင့် နှစ်ပေါင်း(၁၁၅)နှစ်တိုင်အောင်ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အမှုတော်ဆောင်များနှင့်အသင်းသူအသင်းသားအားလုံးသည် “ခရစ်တော်ကို မြော်လင့်သောသတ္တမနေ့အသင်းတော်” အဖြစ်ခရစ်တော်ဘုရားတစ် ဖန်ကြွလာတော်မူမည်ကို စောင့်မျှော်ရင်းအမှုတော်မြတ်ကြီးသာ၍တိုးတက်ပြီးဝိညာဉ် ပေါင်းများစွာကိုဘုရားရှင်ထံပို့ဆောင်နိုင်ရန်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

# ၂၀၁၅ ခုနှစ်အတွက်မြော်လင့်ခြင်းသာသနာ
# ကိန်းဂဏန်းဆိုင်ရာစာရင်းဇယားများ

**၁။ အမှုဆောင်များနှင့်အသင်းသားများစာရင်း**

-အသင်းတော်များ (ဇွန် ၃၀၊ ၂၀၁၆) ---------------------------------------- ၈၂၇၉၄
-အသင်းသားဦးရေ ---------------------------------------- ၁၉၅၉၀၁၉၆
-ယုံကြည်ဝန်ခံခြင်းနှင့်နှစ်ခြင်းမင်္ဂလာခံယူသူဦးရေ ------------------------------ ၂၂၉၂၆၇
-လက်ရှိလက်တင်ရဓမ္မဆရာများဦးရေ ------------------------------------ ၁၉၃၀၁
-လက်ရှိအမှုတော်ဆောင်ဦးရေ ------------------------------------------ ၂၈၇၁၂၁

**၂။ သာသနာလုပ်ငန်းအခြေပြစာရင်းဇယား**

-ကုလသမဂ္ဂအသိအမှတ်ပြုဒေသနှင့်တိုင်းနိုင်ငံများ -------------------------------- ၂၃၇
-မြော်လင့်ခြင်းသာသနာတည်ထောင်ခဲ့သောဒေသနှင့်တိုင်းနိုင်ငံများ ----------------- ၂၁၆
-ဒီဗီဇံများ -------------------------------------------------------- ၁၃
-ယူနီယံ(ကွန်းဖရင့်၊ မစ်ရှင် နှင့်ယူနီယံအုပ်ချုပ်မှုအောက်ရှိအသင်းတော်များ ----------- ၁၃၅
-နယ်သာသနာကွန်းဖရင့်နှင့်သာသနာကွင်းများ ------------------------------------ ၆၅၅
-နိုင်ငံတကာရှိဝန်ထမ်းများ ---------------------------------------------- ၈၀၁
-မြော်လင့်ခြင်းစေတနာ့ဝန်ထမ်းနှင့်လူငယ်အစေခံများ -------------------------------- ၉၅၄

**၃။ ပညာရေးဆိုင်ရာအစီအစဉ်များ**

-အသင်းတော်မှဖွင့်လှစ်ထားသောကျောင်းများ ------------------------------------ ၈၂၀၈
-ကောလိပ်နှင့်တက္ကသိုလ်များ ---------------------------------------------- ၁၁၄
-ဝန်ထမ်းသင်တန်းကျောင်းများ ---------------------------------------------- ၅၃
-ဓမ္မအထက်တန်းကျောင်းများ ---------------------------------------------- ၂၃၃၆
-အခြေခံဓမ္မကျမ်းစာကျောင်းများ -------------------------------------------- ၅၇၀၅
ကျောင်းသူကျောင်းသားပေါင်း -------------------------------------------- ၁၉၂၂၉၈၂

**၄။ အစားအစာထုတ်လုပ်သောစက်ရုံပေါင်း -------------------------------- ၁၉**

**၅။ ကျန်းမာရေးသာသနာလုပ်ငန်းများ**

ကုသမှုဆိုင်ရာဌာနများ၊ဆေးရုံဆေးခန်းများ ------------------------------------ ၁၈၀
ဆေးပေးခန်းများ -------------------------------------------------------- ၄၄၁
သူနာပြုဌာနနှင့်အငြိမ်းစားများစောင့်ရှောက်မှုဌာနများ ------------------------------ ၁၂၁
မိဘမဲ့ကလေးများဂေဟာများ ---------------------------------------------- ၂၁
ပြင်ပလူနာဌာနများ ---------------------------------------------------- ၁၈၈၈၂၇၅၁

### ၆။ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ

အာဒရာလုပ်ဆောင်သောနေရာဒေသနှင့်နိုင်ငံများ ----------------------------၁၃၄ အထက်

ငွေကြေးထောက်ပံ့ပေးသောစီမံကိန်းလုပ်ငန်းများ ------------------------------ ၁၃၀၆

မိမိခံစားခွင့်များကိုလျှူဒါန်းသူပေါင်း ------------------------------------၁၈၅၀၃၄၅၆

ကူညီထောက်ပံ့ပေးသောတန်းဖိုးပမာဏ --------------------------------$ ၂၂၂၆၁၆၀၅၂

### ၇။ ပြန်ကြားဆက်သွယ်ရေးဌာနများ -----------------------------------------၁၆

### ၈။ ပုံနှိပ်ထုတ်ဝေရေးဌာနလုပ်ငန်း

ပုံနှိပ်ထုတ်ဝေရေးဌာနနှင့်ဌာနခွဲများ --------------------------------------------- ၆၁

ပုံနှိပ်ထုတ်ဝေရေး၌အသုံးပြုသောဘာသာစကားများ ------------------------------------ ၃၇၉

ပုံနှိပ်ထုတ်ဝေရေးနှင့်ပြောဆိုရာတွင်အသုံးပြုသောဘာသာစကားများ ------------------- ၉၇၄

လိုင်စင်နှင့်အရည်အချင်းပြည့်ဓမ္မစာပေအမှုတော်ဆောင်များ ---------------------------၅၁၂၀

### ၉။ ထောက်ပံ့ထည့်ဝင်သောငွေကြေးစာရင်း

ကမ္ဘာလုံးဆိုင်ရာဆယ်ဖို့တစ်ဖို့ ------------------------------------------$ ၂၈၄၄၃၈၉၅၄

မြောက်အမေရိကန်ဒီဗီဇံဆယ်ဖို့တစ်ဖို့ -------------------------------------- $ ၉၈၃၂၅၂၉၁၉

ကမ္ဘာ့ဥပုသ်စာဖြေအလှူငွေ ----------------------------------------- $ ၇၆၀၁၆၃၃၀

မြောက်အမေရိကန်ဒီဗီဇံဥပုသ်စာဖြေအလှူငွေ ------------------------------ $ ၂၀၈၁၃၂၃၆

ကောက်ခံရရှိသောအလှူငွေများ ------------------------------------------ $ ၈၅၅၀၄၉၄

ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေစာရင်း ------------------------------------------$ ၃၂၃၅၈၇၇၀၀

မြောက်အမေရိကန်ဒီဗီဇံဆယ်ဖို့တစ်ဖို့နှင့်အလှူငွေစာရင်း -------------------$ ၁၄၉၀၀၇၅၀၀၀

မြန်မာယူနီယံကိုခေါင်းဆောင်ခဲ့သူများ (English Page 44-46) တွင်ကြည့်ရန်။

## မြန်မာနိုင်ငံသတ္တမနေ့အသင်းတော်
## ပြည်လုံးကျွတ်အစည်းအဝေးကျင်းပခဲ့သောအကြိမ်ပေါင်း

| | | |
|---|---|---|
| ပထမအကြိမ် | မေမြို့၊ အထက်ပိုင်းတိုင်းသာသနာ | မတ်လ ၂၈-၃၁၊ ၁၉၇၂ |
| ဒုတိယအကြိမ် | မေမြို့၊ အထက်ပိုင်းတိုင်းသာသနာ | ဧပရယ် ၂၂-၂၈၊ ၁၉၈၁ |
| တတိယအကြိမ် | မြောင်းမြ၊ ဧရာဝတီတိုင်းသာသနာ | ဒီဇင်ဘာ ၂၈၊ -၈၅၊ ဇန် ၁၊-၈၆ |
| စတုတ္ထအကြိမ် | စီးရင်း၊ ကလေးမြို့၊ အထက်ပိုင်းတိုင်းသာသနာ (စိန်ရတု) | ဒီဇင်ဘာ ၈-၁၀၊ ၁၉၉၄ |
| ပဉ္စမအကြိမ် | သံတောင်မြို့သစ်၊ ၁၃ မိုင်၊ အလယ်ပိုင်းတိုင်းသာသနာ | ဧပရယ်၂-၇၊ ၂၀၀၂ |
| ဆဋ္ဌမအကြိမ် | ပြင်ဦးလွင်၊ အထက်ပိုင်းတိုင်းသာသနာ | မတ်လ ၂၆-၃၀၊ ၂၀၀၈ |
| သတ္တမအကြိမ် | စီးရင်း၊ ကလေးမြို့၊ အထက်ပိုင်းတိုင်းသာသနာ | မတ်လ ၂၈-၃၁၊ ၂၀၁၂ |
| အဋ္ဌမအကြိမ် | မြောင်းမြမြို့၊ ဧရာဝတီတိုင်းသာသနာ | နိုဝင်ဘာ ၈-၁၁၊ ၂၀၁၇ |

## လက်ရှိသတ္တမနေ့အသင်းတော်ခေါင်းဆောင်ကြီးများ (၂၀၁၆–၂၀၂၀)

### ၁။ ကမ္ဘာ့ဌာနချုပ်

ဥက္ကဋ္ဌ - Ted N. C. Wilson
အတွင်းရေးမှူး - G. T. Ng
ဘဏ္ဍာရေးမှူး - Juan R. Prestol-Puesan

### ၂။ အရှေ့တောင်အာရှပစိဖိတ်ဒီဗီရှံ

ဥက္ကဋ္ဌ - Saw Samuel Paul
အတွင်းရေးမှူး - Rudy Baloyo
ဘဏ္ဍာရေးမှူး - Max Langi

### ၃။ မြန်မာယူနီယံဌာနချုပ်

ဥက္ကဋ္ဌ - စောထီးမသေမူနားပေါလ်
အတွင်းရေးမှူး - ကယ်လီပီလျန်း
ဘဏ္ဍာရေးမှူး - ခဲလေသိန်း

**၄။ မြန်မာယူနီယံဌာနဆိုင်ရာညွှန်ကြားရေးမှူးများ**

| | |
|---|---|
| မိသားစုနှင့်ကလေးသာသနာရေးရာဌာန | - ချိုချိုပေါလ် |
| အမျိုးသမီးနှင့်အပြည်ပြည်ဆိုင်ရာသိုးထိန်းမယ်သာသနာဌာန | - ဆိုဟီးလာရှိုင်း |
| ပညာရေးသာသနာဌာန | - ခလောဒီးယပ်စ်ဘရောင်း |
| ဆက်သွယ်ရေးသာသနာဌာန | - ရှိုင်းသာဒွေး |
| ကျန်းမာရေးသာသနာဌာန | - ဆားနေညွန့် |
| လူငယ်သာသနာဌာန | - အေဝမ်းသိန်း |
| ဓမ္မသာသနာရေးရာဌာန | - ခင်မောင်လတ် |
| ဓမ္မစာပေသာသနာဌာန | - လားရှန်ဘောလာ |
| ဥပုသ်စာဖြေသာသနာဌာန | - ထန်ကန်းလို |
| ဘဏ္ဍာစိုးဆိုင်ရာသာသနာဌာန | - ကိုင်ခန့်ခွာလ် |
| အာဒရာမြန်မာ၊ လူမှုဖူလုံရေးနှင့်နေရာချထားရေးအဖွဲ့ | - Claudio Sandoval |
| လိပ်စာ | - ၆၈ ဦးဝိစာရလမ်း၊ ဒဂုံ ၁၁၁၉၁၊ ရန်ကုန် |
| ဖုန်း | - ၀၁-၃၇၁၇၅၇၊ ၃၇၁၇၅၈ |

**၅။ မြန်မာယူနီယံအောက်ရှိအဖွဲ့အစည်းများ**

(က) မြန်မာယူနီယံ ဓမ္မတ္တသိုလ်

| | |
|---|---|
| ကျောင်းအုပ်ကြီး | - ကောနေလိလ |
| လက်ထောက်ကျောင်းအုပ် | - ပေါလ်တန်ဘောက်နော် |
| ဘဏ္ဍာရေးမှူး | - လေးမူးကျော် |
| ကျောင်းသားရေးရာ | - ကလူမူးပေါလ် |
| လူထုဆက်ဆံရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဌာန | - တင်လေး |

(ခ) ကင်းစောင့်ပုံနှိပ်တိုက်

| | |
|---|---|
| မန်နေဂျာ | - ဘုန်းနိုင် |
| ဖိုမင် | - သိန်းထွန်း |
| ဘဏ္ဍာရေးမှူး | - ဂျူလီယာပီတာ |
| အယ်ဒီတာ | - ဝေလ်ဆင်ဖိုး |

(ဂ) ရန်ကုန်အထက်တန်းဓမ္မကျမ်းစာကျောင်း

| | |
|---|---|
| ကျောင်းအုပ်ကြီး | - စောလေးဝါး |
| မော်ကွန်းထိန်း | - မားစီစိန် |
| ဘဏ္ဍာရေးမှူး | - ဝက်စ်စလေဒိုး |
| လိပ်စာ | - ၃၄၊ နတ်မောက်လမ်းသွယ် (၁)၊ ဗဟန်းမြို့နယ်။ |

**၆။ ဧရာဝတီတိုင်းသာသနာ**

ဥက္ကဌ - စက်စံရွှေ
အတွင်းရေးမှူး - ထန်လန်းမုန်
ဘဏ္ဍာရေးမှူး - ဇော်ဝင်း
လိပ်စာ - ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီး၊ မြက်တို၊ ပုသိမ်၁၀၀၁၁။
ဖုန်း - ၀၄၂-၂၅၅၈၃။

**၇။ အလယ်ပိုင်းတိုင်းသာသနာ**

ဥက္ကဌ - အဲဗင်းဖိုးဖိုးလှ
အတွင်းရေးမှူး - လှကွန်း
ဘဏ္ဍာရေးမှူး - သာထွန်းအေး
လိပ်စာ - ၁၉/၁၈၀ ဘုရင့်နောင်လမ်း၊ တောင်ငူမြို့။
ဖုန်း - ၀၅၄-၂၃၂၆၇။

**၈။ ရန်ကုန်တိုင်းသာသနာ**

ဥက္ကဌ - မောင်မောင်ဌေး
အတွင်းရေးမှူး - ခင်မောင်ရင်
ဘဏ္ဍာရေးမှူး - နန်ဒိုဒါးလ်
လိပ်စာ - ၆၈ ဦးဝိစာရလမ်း၊ ဒဂုံ ၁၁၁၉၁ ရန်ကုန်။

**၉။ အရှေ့တောင်တိုင်းသာသနာဌာန**

ဥက္ကဌ - စောကဲ
အတွင်းရေးမှူး - ရွှေသက်ဦး
ဘဏ္ဍာရေးမှူး - လယ်စေး
လိပ်စာ - မောရဝတီပန်းခြံ၊ ၉ က ရုံးဟောင်းလမ်း၊ မော်လမြိုင် ၁၂၀၁၁။

## ၁၀။ အထက်ပိုင်းတိုင်းသာသနာ

| | |
|---|---|
| ဥက္ကဌ | - ကပ်လျန်းထန် |
| အတွင်းရေးမှူး | - ရှိဇားမာ |
| ဘဏ္ဍာရေးမှူး | - နန်ခင်းထန် |
| လိပ်စာ | - ချယ်ရီလမ်း၊ ပြင်ဦးလွင်မြို့ ၀၅၀၆၁။ |
| ဖုန်း | - ၀၈၅-၂၂၄၈၇။ |

## ၁၁။ အထက်တန်းကျောင်းအုပ်များ

| | |
|---|---|
| ခမ္မအထက်တန်းကျောင်း၊ မြောင်းမြ | - မင်းလွင် |
| ခမ္မအထက်တန်းကျောင်း၊ တပြေး၊ တောင်ငူ | - တင်မောင်ကြည် |
| ခမ္မအထက်တန်းကျောင်း၊ ကလေးမြို့ | - ဟောက်ဂိုထန် |
| ခမ္မအထက်တန်းကျောင်း၊ ရေပူ၊ ဘားအံ | - ကျော်မြင့်နိုင် |
| ခမ္မအထက်တန်းကျောင်း၊ တီးတိန်မြို့ | - တွမ်ခန်းနန် |
| ခမ္မအထက်တန်းကျောင်း၊ ကလေးမြို့ | - ဇမ်လျန်းမုန် |
| ခမ္မအထက်တန်းကျောင်း၊ မြစ်ကြီးနားမြို့ | - လားရှိလူးအာ |
| ခမ္မအထက်တန်းကျောင်း၊ ဝူယန်၊ ဝိုင်းမော်မြို့ | - ပီတာဇုန်းယိန်း |

## ၁။ ကိုယ်တော်သစ္စာကြီးမြတ်ကျူး

၁။ ကိုယ်တော်သစ္စာကြီးမြတ်အိုအဖဘုရား
ပြောင်းလဲရိပ်မရှိရာ၊ ကိုယ်တော်ရှင်သာ
ထာဝရတည်မြဲကျဆုံးခြင်းမရှိပါ
ကိုယ်တော်တည်ရှိခြင်းထာဝရသက်သာ။

ထပ်ဆို - ကိုယ်တော်သစ္စာကြီးမြတ်၊ ကိုယ်တော်သစ္စာကြီးမြတ်၊
နံနက်တိုင်း ဂရုဏာသစ်ကိုမြင်ရ၊
ငါလိုသမျှကို ကိုယ်တော်စီစဉ်မစ၊
ကိုယ်တော်သစ္စာကြီးမြတ်ကျွန်ုပ်ပေါ်မှာ။

၂။ နွေမိုးဆောင်းအချိန်နှင့် ရိတ်သိမ်းရာချိန်တွင်
နေလကြယ်များမိမိနေရာလင်းရာ
သဘာဝတရားနှင့် ဆက်နွယ်သက်သေပါ
ကိုယ်တော်သစ္စာကြီးမြတ်ချစ်ဂရုဏာ။

၃။ ပြစ်လွှတ်ခြင်းတွက်ငြိမ်သက်ခြင်းမြဲမြံတည်စေ
ကိုယ်တော်ပါဝင်လျှင်ပျော်ရွှင်ခြင်းဖြစ်ပေ
ယနေ့ခွန်အားနောက်နောင်တွက်မျှော်လင့်စရာ
ထောင်သောင်းမင်္ဂလာများအသင့်ရှိနေ။

## ၂။ ယေရှုကြွလာလိမ့်ဦးမည်/ငါတို့စိတ်တွင်ဤမြော်လင့်ခြင်းရှိသည်

တံပိုးခရာယူ၊ သံကျယ်စွာမှုတ်ကြ၊ ယေရှုကြွလာလိမ့်ဦးမည်
အားယူခရီးသည် ဝမ်းမြောက်လျက်သီကြ၊ ယေရှုကြွလာလိမ့်ဦးမည်

ငါတို့စိတ်တွင်ဤမြော်လင့်ခြင်းရှိသည်
ကိုယ်တော်ပညတ်၌ယုံခြင်းတည်း
ချိန်တန်ပြီငါတို့ယုံကြည်၊ နိုင်ငံတကာနှိုးကြားလျက်
အော်ဟစ်၍သီဆိုသည်မှာ၊ ဟာလေလုယာခရစ်ဘုရင်

ကြွလာဦးမည်၊ ကြွလာဦးမည်၊ယေရှုကြွလာလိမ့်ဦးမည်။

ငါတို့စိတ်တွင်ဤမြော်လင့်ခြင်းရှိသည်၊ခရစ်တော်ကြွရန်မြော်လင့်ခြင်းတည်း
ကြွလာဦးမည်၊ ကြွလာဦးမည်၊ယေရှုကြွလာလိမ့်ဦးမည်။

## ၃။ ရိတ်သူများကိုခေါ်ခြင်းကျူး။

၁။ နီးဝေးရပ်မှာကောက်ပင်များကားမှည့်သောသီးနှံနှင့်ပြည့်ဝ
တောင်ယာလယ်ကွက်နီးဝေးရပ်များသီးနှံများဝါဝင်းတောက်ပ

ထပ်ဆို - လယ်ရှင်ဘုရားရိတ်သူများအားရိတ်ကာလမလွန်သွားခင်
ကောက်လှိုင်းသိမ်းရန်ခုစေလွှတ်ပါ
တောင်းလျှောက်သံနားညောင်းသခင်။

၂။ နံနက်အချိန်မိုးလင်းစမှမွန်းတည့်နေရောင်ထွန်းတောက်ခါ
ညဥ့်နေရောင်ခြည်မကွယ်ပျောက်ရရပ်တိုင်းသို့သိမ်းရန်ခိုင်းပါ

၃။ အရှင်စေလွှတ်သောသူသင်တို့မှည့်သောကောက်လှိုင်းစုသိမ်းပါ
နေဝင်ချိန်တွင်ကောင်းကင်လမ်းသို့ရောက်လာလိမ့်မည့်ရွှင်လန်းစွာ

## ၄။ နားထောင်ရှင်ယေရှုကြွေးကြော်သည်ကျူး။

၁။ နားထောင်ရှင်ယေရှုကြွေးကြော်သည်၊ ခုဘယ်သူမှုဆောင်မည်နည်း
လယ်ပြင်တို့သည် မှည့်လျက်ရှိပြီ၊ တံစဉ်ဘယ်သူကိုင်မည်နည်း
ကျယ်သောအသံနှင့်ခေါ်ဖိတ်သည်၊ ဆုလာဘ်များစွာပေးပါမည်
အသင့်စောင့်လျက်ကျွန်ုပ်ရှိသည်၊ အဘယ်သူဝန်ခံမည်နည်း

၂။ ပယ်လယ်ကြီးကိုမကူးနိုင်လျှင်၊ နီးသောအရပ်သို့သွားလော့
နီးသောရပ်တွင်တွေ့နိုင်ခဲ့လျှင်၊ တံခါးတွင်းသို့သွင်းကြလော့
ကောင်းကင်သားလိုမပြောနိုင်လျှင်၊ ယေရှုချစ်ခြင်းဖော်ပြလော့
ပေါလုလိုလည်းမဟောနိုင်လျှင်၊ အသေခံခြင်းပြောပြလော့

၃။ စောင့်သောသူသင်မလုပ်နိုင်လျှင်၊ ဇိအုန်တောင်သို့ပြေးတက်လော့
လမ်းလွဲသောသူပြန်စိမ့်သောငှါ၊ ကောင်းကင်လမ်းသို့ညွှန်ပြလော့
လျှုဒါနဆုတောင်းခြင်းနှင့်ပင်၊ ကောင်းကင်အလိုကိုဖြည့်နိုင်
သစ္စာရှိအာရုန်ကဲ့သို့သင်၊ မောရှေလက်ကိုထောက်မနိုင်

၄။ လမ်းလွဲသောသူသေလုသောခါ၊ ယေရှုရှင်သင့်ကိုခေါ်ပေ
သင်ကဘာမျှမလုပ်နိုင်ပါ၊ ပျင်းရိစွာမဆိုရချေ
ပေးတော်မူအလုပ်ကိုင်စွဲနေ၊ ဝမ်းမြောက်စွာအားထုတ်ကြပါ
အသင့်စောင့်နေကျွန်ုပ်ရှိပေ၊ စိတ်အကြွင်းမဲ့လျှောက်ကြပါ

## ၅။ လူမျိုးတကာအားပြောကြားကျူး။

၁။ ကမ္ဘာရှိလူမျိုးတကာအားပြောကြား၊ နီးဝေးပြောရမည်
ကမ္ဘာမှောင်ဆုံးညဥ့်အရုဏ်တက်ပျောက်သွား၊ ယေရှုကြွလာလုပြီ။

ထပ်ဆို - ကြွပါ၊ ဘုန်းတော်ရှင်ဘုရင်ပြစ်သားများတွက်သက်စွန့်ရှင်
ပြောကြ၊ အံ့သြဖွယ်ဝတ္တု၊ စိုးစံယေရှုရှင်။

၂။ လူမျိုးတို့သည် တစ်ဖန်စစ်မက်ဖြစ်ပွါး၊ သတိပေး၍ထား
ကောင်းကင်တွင် နိမိတ်မှန်သောအတိတ်များ၊ဘုန်းတော်နေ့ကိုညွှန်ကြား။

၃။ ကိုယ်တော်ရှင်လူများဝမ်းမြောက်လျက်မျှော်ကြည့်၊ သီချင်းကျူးအေးကာ
မြော်လင့်လျက်စောင့်သူများမင်္ဂလာရှိ၊ လင်းရောင်ခြည်ကိုကြည့်ပါ။

## ၆။ အထက်အရပ်ကျူး။

၁။ ကျွန်ုပ်ထက်လမ်းသို့တက်နေသည် ၊ အစဉ်အထက်သို့တက်နေသည်
လမ်းဆုံးရောက်ရန် ကြိုးစားသောခါ၊ ကျွန်ုပ်ကိုမြင့်ရပ်မှာထားပါ။

ထပ်ဆို - ယုံကြည်ခြင်းဖြင့်၊ မြင့်နေရာမှာ
ကျွန်ုပ်ကိုချီ၍ရပ်စေပါ
ရောက်ခဲ့သည်ထက်မြင့်နေရာမှာ
ကျွန်ုပ်ကိုမြင့်ရပ်မှာထားပါ။

၂။ ယုံမှားကြောက်ရွံ့ခြင်းများနေရာ၊ နေရန်ကျွန်ုပ်စိတ်မရှိပါ
တစ်ချို့ဤသို့လိုရှိသော်လည်း၊ ကျွန်ုပ်ထက်တက်ရန်ဆုတောင်းသည်။

၃။ စာတန်ကျွန်ုပ်ကိုမြှားသောလည်း၊ မြင့်သောအရပ်၌နေချင်သည်
ထက်ရပ်သန့်ရှင်းသူများနှင့်လေ၊ အောင်မြင်သီချင်းကိုကျူးချင်ပေ။

၄။ အမြင့်ဆုံးနေရာတက်ချင်ပြီ၊ ဘုန်းရောင်ခြည်တော်ကိုမြင်ချင်သည်၊
ကောင်းကင်အိမ်တော်ရောက်သည့်တိုင်အောင်၊ ကိုယ်တော်အထက်ရပ်သို့ပို့ဆောင်။

## ၇။ ချစ်သိုးထိန်းသံကျွန်ုပ်ကြားရကျူး။

၁။ ချစ်သိုးထိန်းသံကျွန်ုပ်ကြားရ၊ သွေ့ခြောက်သဲကန္တာရထဲမှ
လမ်းလွဲသွားသောသိုးများခေါ်လေ၊ သိုးခြံမှသူတို့ထွက်ပြေးနေ။

ထပ်ဆို - ဆောင်ခဲ့ပါ၊ ဆောင်ခဲ့ပါ၊ ဆောင်ခဲ့ပါ အပြစ်လယ်မှလာ
ဆောင်ခဲ့ပါ၊ ဆောင်ခဲ့ပါ၊ လမ်းလွဲသူယေရှုထံခေါ်လာ။

၂။ ချစ်သိုးထိန်းရှင်နှင့်မည်သူသည်၊ ပျောက်သောသိုးကိုကူရှာကြမည်၊
ချမ်းအေးကင်းသောခြံတော်တွင်းကို၊ မည်သူတစ်ဖန်ပြန်၍ပို့လို။

၃။ တောတောင်ကန္တာရကြီးထဲမှ၊ ကြွေးကြော်ခေါ်သံကျွန်ုပ်ကြားရ၊
နားထောင်ယေရှုသင့်အားပြောနေ၊ ရပ်တိုင်းမှာငါ့သိုးများရှာချေ။

## ၈။ သင်၌ယေရှုတွေ့နိုင်မည်လားကျူး။

၁။ သက်တာလမ်းတွင်ယနေ့လျှောက်လိုက်စဉ်ခါ၊ ကိုယ်တော်နှင့်လွန်နီးကပ်စွာနေသလား
ကရာနီကုန်းပေါ်သေခံရှင်သခင်၊ ငါတို့၌တွေ့နိုင်မည်လား

ထပ်ဆို - ငါ၌ယေရှုတွေ့နိုင်မည်လား၊ သင်၌ယေရှုတွေ့နိုင်မည်လား၊
သင်၏ချစ်ခြင်းဆောင်ရွက်ခြင်း၊ သက်တာလမ်းပါမှန်၏လား၊
သင်၌ယေရှုတွေ့နိုင်မည်လား။

၂။ ကိုယ်တော်၏မေတ္တာမျိုးနှင့်ချစ်သလား၊ သတ္တဝါအားလုံးနစ်မွန်းပြစ်၌သာ
ပြစ်ရှိသူပြန်လည်သိမ်းပိုက်အလို့ငှါ၊ ဖိုးခမတွက်ကူမည်လား။

၃။ ငါတို့၏သက်တာစာအုပ်သို့လေ့လာ၊ အပြောနှင့်အလုပ် စေ့စပ်နားထောင်မှာ
ကရာနီကုန်းပေါ်သေခံရှင်ထံပါး၊ ပြစ်ရှိသူတွက်သွားမည်လား။

## ၉။ ယေရှုကြွလာလိမ့်ဦးမည်ကျူး။

၁။ တံပိုးခရာယူသံကျယ်စွာမှုတ်ကြ၊ ယေရှုကြွလာလိမ့်အုံးမည်
အားယူခရီးသည်ဝမ်းမြောက်လျက်သီကြ၊ ယေရှုကြွလာလိမ့်ဦးမည်။

ထပ်ဆို - ကြွလာဦးမည်၊ ကြွလာဦးမည်၊ ယေရှုကြွလာလိမ့်ဦးမည်။

၂။ တောင်များသံပြန့်ကြလွင်ပြင်များကြေညာ၊ ယေရှုကြွလာလိမ့်အုံးမည်
သတ်ခြင်းခံသိုးငယ်ဘုန်းတော်နှင့်ကြွလာ၊ ယေရှုကြွလာလိမ့်ဦးမည်။

၃။ ထကြွသောမြေကြီးလူစုကိုပြောသည်၊ ယေရှုကြွလာလိမ့်ဦးမည်
မုန်တိုင်းနှင့်လေပွေသီချင်းရှည်ဆိုမည်၊ ယေရှုကြွလာလိမ့်ဦးမည်။

၄။ လူမျိုးအမျက်ထွက်ကျွန်ုပ်တို့သိသည်၊ ယေရှုကြွလာလိမ့်ဦးမည်
ပညာဉာဏ်တိုးပွါးသွားလာခြင်းများသည်၊ ယေရှုကြွလာလိမ့်ဦးမည်။

## ၁၀။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်ကျူး။

၁။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်၊ ဘယ်တောင့်တရန်ရှိသနည်း
ငါ့ကိုလမ်းပြတော်မူရှင်အား၊ ယုံမှားခြင်းရှိရမည်လား
ဤဘဝအသက်ရှင်သည်တွင်၊ စုံစမ်းခြင်းမျိုးမျိုးတို့ပင်
ဖိစီးနှိပ်စက်လာသောအခါ၊ ကိုယ်တော်စီရင်တိုင်းဖြစ်ပါ
ဖိစီးနှိပ်စက်လာသောအခါ၊ ကိုယ်တော်စီရင်တိုင်းဖြစ်ပါ။

၂။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်၊ ထောက်မအားပေးလျက်နှင့်ပင်
စုံစမ်းခြင်းကိုခံနိုင်ဖို့ရာ၊ ကျွေးတော်မူအသက်မုန့်မှာ
ခွန်အားပြည့်လျက်မောပန်းခြင်းကင်း၊ သောက်လျက်နေသက်စမ်းရေတွင်း
ပလ္လင်တော်ရှေ့မှထွက်စီးလေ၊ ဝမ်းမြောက်ခြင်းစမ်းရေမြင်ပေ
ပလ္လင်တော်ရှေ့မှထွက်စီးလေ၊ ဝမ်းမြောက်ခြင်းစမ်းရေမြင်ပေ။

၃။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်၊ ကိုယ်တော်ချစ်ခြင်းအံ့ဖွယ်တည်း
ထက်အဖအိမ်တော်တွင်ငြိမ်းစွာ၊ နေစိမ့်ငါ့ကတိတော်ထား
ထာဝရရှင်ခြင်းသို့နိုးလျက်၊ ထွန်းတောက်ကောင်းကင်သို့ပြန်တက်
ထိုအခါစဉ်သီချင်းဆိုမည်၊ ယေရှုငါ့ကိုလမ်းပြပြီ
ထိုအခါစဉ်သီချင်းဆိုမည်၊ ယေရှုငါ့ကိုလမ်းပြပြီ။

## ၁၁။ စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်းကျူး။

၁။ တံပိုးမှုတ်လျှင်သူတော်စဉ်အမှန်ပင်အိမ်တွင်စုရုံးလျှင်
ဖန်ရေကန်းနားကျွန်ုပ်သွားကာနှုတ်ဆက်မည်
ကောင်းကင်ဘုံရှင်မြတ်ထွတ်တင်ဘုန်းတော်တွင်ခေါ်ဖိတ်တော်မူလျှင်
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

ထပ်ဆို - အစုအရုံး၊ စုရုံး၊ ဝမ်းမြောက်ဝမ်းသာဂျူဗလီမှာရောက်လာသည်
အစုအရုံး၊ စုရုံး၊ စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

၂။ ကိုယ်တော်ကောင်းကင်သံတမန်လောကချိန်ကုန်ပြီဟုကြွေးကြော်၊
ထိုခါရွေးနှုတ်ခံသူတို့ကိုမြင်ကြတည်း၊
ထိုခါထွန်းတောက်ကမ်းခြေစုရုံးမသဝေတွေ့ဆုံကြလေသော်
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

၃။ အမှုဆုံးဖြတ်သောနေ့ကြီး၌ဝှက်ထားသောအရာပေါ်ကာ၊
မိမိဘုန်းအစွမ်းနှင့်ကိုယ်တော်ကိုမြင်မည်၊
ကျွန်ုပ်ကယ်တင်ရှင်ခေါ်သံကားမင်္ဂလာရှိသင်လာပါ၊
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

၄။ ရွှေစောင်းများတီးကြ၍ကောင်းကင်သားများစုရုံးလျက်ကြွေးကြော်၊
အောင်မြင်သူဂျူဗလီသီချင်းတီးကြမည်၊
ထိုမှာမောရှေနှင့်သိုးသငယ်သီချင်းကိုဆိုကြလေသော်
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

## ၁၂။ ကြွလာသောခါကျူး

၁။ ကြွလာသောခါ၊ ကြွလာသောခါ၊ ကျောက်မြတ်များစုသိမ်းသွင်း
အားလုံးကျောက်မြတ်များဖိုးထိုက်စွာ၊ ပိုင်ထိုက်ချစ်အသင်း။

ထပ်ဆို - သရဖူတော်ထွန်းတောက်စွာ၊ မိုးသောက်ကြယ်နှိုပမာ၊
စီထားကျောက်မြတ်များတို့သည်၊ တင့်တယ်ထွန်းလင်းသည်။

၂။ ကိုယ်တော်သိမ်းမည်၊ ကိုယ်တော်သိမ်းမည်၊ နိုင်ငံဖို့ရတနာ၊
သန့်ရှင်းသူသည်၊ ဖြူစင်သူသည်၊ ချစ်သင်းပိုင်ထိုက်စွာ။

၃။ သူငယ်လေးများ၊ သူငယ်လေးများ၊ ရွေးနှုတ်ရှင်ကိုချစ်သူ၊
မြတ်သောကျောက်များ၊ ဖိုးထိုက်ကျောက်များ၊ ချစ်သင်းပိုင်ထိုက်သူ။

## ၁၃။ ရိတ်သူများဘယ်မှာကျူး။

၁။ အပြစ်လယ်ပြင်မှကောက်လှိုင်းကောင်းများတွေ
စုသိမ်းရိတ်သူများဘယ်မှာရှိကြပေ၊
သမ္မာကျမ်းတံစဉ်နှင့်မှုတော်ဆောင်ရ
ကိုယ်တော်ရောက်အောင်မည်သူမျှမနားရ။

ထပ်ဆို - ရိတ်သူများဘယ်မှာ၊ သင်လာမည်လော၊
ကျီတွင်စုသိမ်းကာ၊ သင်ဘုန်းဝင်စားမည်လော၊
အပြစ်လယ်ပြင်မှကောက်လှိုင်းကောင်းများ
ဘယ်မှာရှိကြစုသိမ်းရိတ်သူများ။

၂။ လယ်များတို့သည်နီးဝေးရပ်မှာမှည့်နေ၊
လောကသည်စုသိမ်းချိန်ကိုဆိုင်းငံ့ပေ၊
သို့သော်ရိတ်ရန်များ၍ရိတ်သူနည်းပါး၊
ရိတ်ချိန်ကိုဆိုင်းလျှင်ပျက်စီးမည်အများ။

၃။ ထို့ကြောင့်တံစဉ်များယူအချင်းလူများ၊
မှည့်သောစပါးကိုစု၍သိမ်းကြပါ၊
လယ်ရှင်ကိုယ်တော်လာသည့်တိုင်အောင်ကြိုးစား၊
ကိုယ်တော်နှင့်အတူဘုန်းဝင်စားကြရာ။

## ၁၄။ ကောက်လှိုင်းများသိမ်းလျက်ကျူး။

၁။ နံနက်ချိန်တွင်စိုက်လျက်၊ စိုက်ပျိုးချစ်ခြင်းမျိုးစေ့
နေ့တွင်စိုက်သည့်နည်းတူ၊ ညဦးတွင်စိုက်မည်
စုသိမ်းချိန်ကိုဆိုင်းငံ့၊ ရိတ်ချိန်ကိုလည်းစောင့်နေ
ကောက်လှိုင်းများကိုသိမ်းလျက်၊ ဝမ်းမြောက်စွာလာမည်။

ထပ်ဆို - ကောင်လှိုင်းများသိမ်းလျက်၊ ကောက်လှိုင်းများသိမ်းလျက်
ကောက်လှိုင်းများကိုသိမ်းလျက်၊ ဝမ်းမြောက်စွာလာမည်
ကောက်လှိုင်းများသိမ်းလျက်၊ ကောက်လှိုင်းများသိမ်းလျက်
ကောက်လှိုင်းများကိုသိမ်းလျက်၊ ဝမ်းမြောက်စွာလာမည်။

၂။ နေထွန်းလင်းရာစိုက်ပျိုး၊ အရိပ်မှာလည်းစိုက်လေ
ဆောင်းဥတုနှင့်မိုးတိမ်၊ စိုးရိမ်မဖြစ်ပြီ
နောက်နောင်စုသိမ်းချိန်ရောက်၊ အလုပ်လည်းပြီးစီးပေ
ကောက်လှိုင်းများကိုသိမ်းလျက်၊ ဝမ်းမြောက်စွာလာမည်။

၃။ ငိုကြွေးလျက်နှင့်သွားလေ၊ သခင်ဖို့စိုက်ပျိုးပါ
ပျက်စီးခြင်းကျွန်ုပ်ကို၊ ဝမ်းနည်းစေသော်လည်း
ငိုကြွေးခြင်းပြီးသောခါ၊ ကိုယ်တော်သာဝုခေါ်မှာ
ကောက်လှိုင်းများကိုသိမ်းလျက်၊ ဝမ်းမြောက်စွာလာမည်။

## ၁၅။ ကျွန်ုပ်အသက်လက်ခံပါကျူး။

၁။ ကျွန်ုပ်အသက်လက်ခံပါ၊ ကိုယ်တော်ကိုပူဇော်ဆက်သ
ကိုယ်တော်ချစ်ခြင်းနှိုးဆော်ရာ၊ ကျွန်ုပ်ပုံလက်မှုဆောင်စေပါ
ကျွန်ုပ်လက်မှုဆောင်စေပါ။

၂။ ကိုယ်တော်ရှင်မြတ်အဖို့သာ၊ ကျွန်ုပ်ခြေလျင်မြန်စေပါ
ကျွန်ုပ်အသက်လက်ခံပါ၊ ကိုယ်တော်ကိုချီးမွမ်းကျူးရာ
ကိုယ်တော်ကိုချီးမွမ်းကျူးရာ။

၃။ နှုတ်ကပါတ်တော်မြတ်နှင့်သာ၊ ကျွန်ုပ်နှုတ်ကိုဖြည့်စေပါ
ကျွန်ုပ်ရွှေငွေရှိသမျှ၊ ကိုယ်တော်မြတ်လက်ခံမူပါ၊
ကိုယ်တော်မြတ်လက်ခံမူပါ။

၄။ ကျွန်ုပ်အလိုလက်ခံပါ၊ ကိုယ်တော်အလိုဖြစ်စေပါ
ကျွန်ုပ်စိတ်ကိုယ်တော်ပိုင်ပေ၊ ကိန်းဝပ်ရာပလ္လင်ဖြစ်စေ
ကိန်းဝပ်ရာပလ္လင်ဖြစ်စေ။

၅။ ကျွန်ုပ်ချစ်ခြင်းလက်ခံပါ၊ ခြေတော်ရင်းမှာချထားပါ
ကျွန်ုပ်ကိုယ်ပူတော်မူလျှင်၊ ကိုယ်တော်ဖို့ဖြစ်မည်အစဉ်
ကိုယ်တော်ဖို့ဖြစ်မည်အစဉ်။

## ၁၆။ ကိုယ်တော်ဖို့သာကျွန်ုပ်ဖြစ်စေပါကျူး။

၁။ ကိုယ်တော်ဖို့သာကျွန်ုပ်ဖြစ်စေပါ၊ မည်သို့နည်းသွန်သင်မူ
လိုက်ပါမည်ကိုယ်တော်အလိုတော်သာ၊ ကူညီပါယခု။

ထပ်ဆို - ကိုယ်တော်ဖို့ လုံးလုံးသာ၊ ကျွန်ုပ်သစ္စာပြုပါပြီ။
ကိုယ်တော်ဖို့ လုံးလုံးသာ၊ အိုသခင်ယခုအပ်ပြီ။

၂။ ကိုယ်တော်မပါလျှင်လောကီချမ်းသာ၊ ဂုဏ်ကျက်သရေမဲ့သည်
နာမတော်ဖို့လုံးစုံစွန့်ပယ်ရာ၊ ကျွန်ုပ်ဘဏ္ဍာတည်း။

၃။ မြဲမရှိလောကီစည်းစိမ်စွန့်ပြီ၊ ကိုယ်တော်ရှင်နီးကြွပါ၊
ကိုယ်တော်ထံလုံးစုံကျွန်ုပ်တွေ့ပြီ၊ နှစ်သိမ့်ခြင်းရရာ။

## ၁၇။ ကိုယ်တော်သာလျှင်ကြီးမြတ်တော်မူပေကျူး။

၁။ အိုဖဘုရား၊ ကျွန်ုပ်မှာအံ့ဖွယ်ရာများ၊
အောက်မေ့စဉ်ခါ၊ ကိုယ်တော်ဖန်ဆင်းလျက်ထား၊
နက္ခတ်တာရာ၊ မိုးကြိုးထစ်ချုန်းသံများပြင်၊ ခပ်သိမ်းမှုရာပြုပြင်တော်မူအရှင်။

ထပ်ဆို - ကျွန်ုပ်ဝိညာဉ်ကိုယ်တော်ကိုချီးမွမ်းချင်၊
ကိုယ်တော်သာလျှင်ကယ်တင်ပိုင်ရှင်
ကျွန်ုပ်ဝိညာဉ်ကိုယ်တော်ကိုချီးမွမ်းစေ
ကိုယ်တော်သာလျှင် ကြီးမြတ်မူပေ။

၂။ တောအုံတောင်ကြား၊ ကျွန်ုပ်ခရီးသွားရာလမ်း၊
ကျေးငှက်များစွာ၊ သာယာမြည်တွန်ပျံ့သန်း၊ ကုန်းမြင့်တောင်ထိပ်၊
ဆိတ်ငြိမ်ရာရပ်မှမြင်နိုင်၊မြက်ခင်းလွင်ပြင်၊ လေညင်းတိုက်ခတ်ယိမ်းယိုင်။

၃။ ဘုရားရှင်မှာ၊ သားတော်ကိုပင်မညှာပေ၊ လူသတ္တဝါပေါင်းတွက်သက်သေခံပေ
ကပ်တိုင်ပေါ်ဝယ်၊ သွေးတော်ပင်သွန်းခြင်းခံရှာ
လူတို့ပြစ်များကိုယ်တော်ဆောင်ယူကြွသွား။

၄။ ကြွလာခြင်းကို၊ ကျွန်ုပ်တို့မြော်လင့်တောင့်တ၊ နေ့ညမပြတ်ဒူးထောက်ဆုတောင်းနေအပ်
ယေရှုသခင်၊ တစ်ဖန်ဆင်းသက်ကြွလာပါ
ကောင်းကင်စံရာ ကျွန်ုပ်ကိုဆောင်ယူအပ်။

## ၁၈။ ရှေ့ဆောင်မှုမည်ကျူး။

၁။ ရှေ့ဆောင်မှုမည်ကတိတော်ထား၊ နှစ်သိမ့်ခြင်းနှင့်ပြည့်စုံတကား၊
ငါပြုမှုတိုင်းငါရှိလေရာ၊ ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုရှာ။

ထပ်ဆို - ရှေ့ဆောင်မှုသည်၊ ရှေ့ဆောင်မှုသည်
ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုသည်
သစ္စာရှိလျက်၊ နောက်တော်လိုက်မည်
လက်တော်မြတ်ဖြင့်ရှေ့ဆောင်မှုသည်။

၂။ တစ်ခါတစ်လေဆင်းရဲတွေ့ကြုံ၊ တစ်ခါတစ်လေချမ်းသာတွေ့ဆုံ
သုခဒုက္ခဖြစ်လေရာရာ၊ ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုရှာ။

၃။ လက်တော်မြတ်ကိုကိုင်ဆွဲပါမည်၊ ညည်းညူမြည်တမ်းမပြုပါပြီ
မည်သို့ဖြစ်လည်းသဘောကျရာ၊ ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုကာ။

၄။ မြေကြီးကိစ္စပြီးစီးကာလ၊ ကျေးဇူးမြတ်ဖြင့်အောင်မြင်ခြင်းရ
သေချိန်ရောက်လည်းကျွန်ုပ်မရှောင်၊ ရှေ့ဆောင်မှုပါယော်ဒန်လွန်အောင်။

## ၁၉။ ကောင်းချီးရေတွက်ကျူး။

၁။ မြေကြီးပေါ်မှာဒုက္ခဆင်းရဲရောက်သောခါ၊
မြော်လင့်ခြင်းကင်းစိတ်ပျက်ခြင်းကိုခံရမည်
ခံစားရကောင်းချီးမင်္ဂလာရေတွက်ပါ
ပြုတော်မူသောကျေးဇူးတော်အံ့ဩလိမ့်မည်။

ထပ်ဆို - ကောင်းချီးရေတွက်တစ်ခုနောက်တစ်ခု၊
ပြုတော်မူသောကျေးဇူးရေတွက်မည်
ကောင်းချီးရေတွက် တစ်ခုနောက်တစ်ခု
ပြုတော်မူသောကျေးဇူးတော်အံ့ဩလိမ့်မည်။

၂။ ကြောင့်ကြဝန်ထုတ်ကိုသင်သည်ထမ်းရသလား
သင်ထမ်းရသောလက်ဝါးကပ်တိုင်လေးသလား
ခံစားရာကောင်းချီးမင်္ဂလာရေတွက်မည်
ယုံမှားခြင်းကင်းသီချင်းကိုသင်ဆိုလိမ့်မည်။

၃။ ဆင်းရဲဒုက္ခမျိုးမျိုးကိုခံရသောခါ
စိတ်မပျက်ရာကိုယ်တော်ကိုသာအားကိုးပါ
ခံစားရာကောင်းချီးမင်္ဂလာရေတွက်မည်
လမ်းဆုံးတိုင်အောင်သင့်ကိုစောင့်မပို့ဆောင်မည်။

## ၂၀။ ဥပုသ်နေ့မမေ့နှင့်ကျူး။

၁။ ဥပုသ်နေ့မမေ့နှင့်၊ ဘုရားကောင်းချီးချီးမြှင့်
နေ့တကာတွင်သာယာဆုံး၊ နေ့တို့တွင်အကောင်းဆုံး
အလုပ်မှနားရန်ရသည်၊ ဘုရားဝမ်းမြောက်ခြင်းပြ
ရောင်ခြည်တော်ဆင်းသက်နေသည်၊ ကောင်းကင်အလင်းတောက်ပ။

ထပ်ဆို - ကြွပါ၊ ကြွပါ၊ အစဉ်ကြွပါ၊ သန့်ရှင်းဥပုသ်နေ့
ကြွပါ၊ ကြွပါ၊ အစဉ်ကြွပါ၊ သန့်ရှင်းဥပုသ်နေ့။

၂။ ဥပုသ်နေ့သန့်ရှင်းစေ၊ ယနေ့ဝတ်ပြုရချေ
ငါသည်အသက်လမ်းဖြစ်ပေ၊ တပည့်တို့အားမိန့်ပေ
လောကမှာနှိမ့်ချ၍သာ၊ နောက်တော်သို့လိုက်ကြလျှင်
ထာဝရစီးလျက်နေရှာ၊ သက်စမ်းရေရမည်ပင်။

၃။ သန့်ရှင်းဝမ်းမြောက်နေ့ပေ၊ ကောင်းမွန်စွာစောင့်ထိန်းစို့
သူငယ်တို့ချစ်ဆုံးမိတ်ဆွေ၊ ယေရှုကိုချီးမွမ်းဖို့
ချစ်ဖွယ်သိမ်မွေ့ကယ်တင်ရှင်၊ ကောင်းမြတ်ကြင်နာသနား
စိတ်တိုင်း၌ကိန်းအောင်းနေစဉ်၊ ကတိဖိုးထိုက်တကား။

## ၂၁။ အံ့ဖွယ်သက်ရှင်စကားကျူး

၁။ ထပ်မံသီချင်းဆိုကြပါကုန်၊ အံ့ဖွယ်ကောင်းလှစကား
တိုး၍နားလည်ချင်သေးလုံးစုံ၊ သက်ရှင်စေသောစကား
ကောင်းလှသက်ရှင်ရလေ၊ ယုံကြည်နားထောင်စေပေ။

ထပ်ဆို - ကောင်းလှစကား၊ အံ့ဖွယ်စကား၊ အံ့ဖွယ်သက်ရှင်စကား၊
ကောင်းလှစကား၊ အံ့ဖွယ်စကား၊ အံ့ဖွယ်သက်ရှင်စကား။

၂။ ယေရှုအားလုံးကိုဖိတ်ကြား၍၊ အံ့ဖွယ်ကောင်းလှစကား
ပြစ်ရှိသူတို့နားထောင်သင့်၍၊ သက်ရှင်စေသောစကား
ဖိုးမယူဘဲပေးဝေ၊ ကောင်းကင်သွေးဆောင်ခေါ်လေ။

၃။ ဝမ်းသာသတင်းတော်ကြော်ငြာလေ၊ အံ့ဖွယ်ကောင်းလှစကား
ပြစ်လွှတ်ငြိမ်သက်နေခြင်းကိုပေး၊ သက်ရှင်စေသောစကား
ယေရှုကယ်ချွတ်ရှင်၊ သန့်ရှင်းစေထာဝစဉ်။

## ၂၂။ ဘုရားကိုချီးမွမ်းကြကျူး

၁။ အံ့ဖွယ်မှုများတွက်မြတ် ဘုရားချီးမွမ်းပါ
လောကီသားတို့ကိုချစ်ရှာသားတော်စွန့်ကာ
သက်တော်စွန့်ခြင်းဖြင့်အပြစ်တွေပြေစေပါ
အသက်တံခါးဖွင့်ထားဝင်လိုသူများလာ။

ထပ်ဆို - ချီးမွမ်းကြ၊ ချီးမွမ်းကြ၊ လောကသံတော်ကြားစေ
ချီးမွမ်းကြ၊ ချီးမွမ်းကြ၊ လူ့အပေါင်းဝမ်းမြောက်စေ
သားတော်ယေရှုအားဖြင့် ခမည်းတော်ထံလာ
အံ့ဖွယ်မှုများတွက်မြတ်ဘုရားချီးမွမ်းပါ။

၂။ ယုံကြည်သူပေါင်းအောင်စေကြောင်းသွေးတော်ကြောင့်ပင်
စုံလင်သောရွေးနှုတ်ခြင်းကတိတော်ကိုပင်
အဆိုးဆုံးသောသူသည် အမှန်ယုံကြည်လျှင်
ယေရှုမှပြစ်လွှတ်ခွင့်ရထိုခဏတွင်။

၃။ အံ့ဖွယ်မှုများကျွန်ုပ်အားပြတော်မူပြီ
ယေရှု၌ကျွန်ုပ်တို့ဝမ်းမြောက်ခြင်းရှိသည်
သို့သော် ယေရှုရှင်ကိုဖူးတွေ့ရသောခါ
အံ့သြဝမ်းမြောက်ခြင်းသာ၍ကြီးမည်မှန်ပါ။